ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်၊ ကြာသပတေးနေ့။ Thursday, 13 March 2025 ၁၁၇၆၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဓေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာစနစ်ကျလယ်မြေ၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စက်မှုလယ်ယာစနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်

ယခုဖော်ထုတ်ပြီးစီးသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေကို စံပြဖြစ်အောင် ဆောင်ရွက်

နေပြည်တော် မတ် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဓေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်းစားအုန်းဆီစျေးနှုန်းများ ဆက်တိုက်ကျဆင်း

စာမျက်နှာ » ၂

နိုင်ငံရေးပါတီ (၂၉) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

စာမျက်နှာ » ၅

အိန္ဒိယနှင့် မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနှင့် ကဘော်ချိုင့်ဝှမ်း ကိစ္စ၊ မိဇိုရမ်လွှတ်တော်အမတ်များ ပြောကြားချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

စာမျက်နှာ » ၁၁

တပေါင်းလပြည့် မြတ်ဗုဒ္ဓအခါတော်နေ့

မြတ်ဗုဒ္ဓအခါတော်နေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့၌ ကာဠဒါယီမထေရ်မြတ်က ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ကပိလဝတ်ရွှေမြို့တော်သို့ ကြွတော်မူရန် လျှောက်ထားသည့်နေ့ဖြစ်သည်။ တပေါင်းလသည် မပူလွန်း၊ မအေးလွန်း မျှတသောရာသီဥတုရှိသည့်ကာလဖြစ်သည်။ ဥဒေါင်းငှက်အပေါင်းတို့ ပျော်မြူးတွန်ကျူးသံ၊ တောပန်းတောင်ပန်းတို့ ဖူးပွင့်ဝေဆာရောင်စုံဖြာနေသော သဘာဝအလှနှင့်ပြည့်စုံသည့် တပေါင်းလသည် ဒေသစာရီကြွချီတော်မူရန် သင့်လျော်ပါကြောင်း ကာဠဒါယီက ဂါထာပေါင်း ၆၄ ဂါထာဖြင့် ချီးမွမ်းလျှောက်ထားခဲ့သည်။

မြတ်ဗုဒ္ဓကို ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ဆွေတော်မျိုးတော် အပေါင်းတို့က ဖူးမြော်ခွင့်ရရန် မျှော်လင့်နေကြသည့်အချိန်ဖြစ်သည်။ ကာဠဒါယီမထေရ်၏ လျှောက်ထားချက်ကို မြတ်ဗုဒ္ဓက လက်ခံတော်မူ၍ တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရဟန္တာနှစ်သောင်းခြံရံကာ ရာဇဂြိုဟ်မြို့မှ စတင်ထွက်ခွာခဲ့သည်။ ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်ပြည်သည် ယူဇနာ ၆၀ ကွာဝေးသည်။ မြတ်စွာဘုရားသည် တစ်နေ့လျှင် တစ်ယူဇနာခရီး ကြွတော်မူခဲ့ရာ ရက်ပေါင်း ၆၀ ပြည့်သည့် မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်ကျော် တစ်ရက်နေ့တွင် ကပိလဝတ်ရွှေမြို့တော်သို့ ဆိုက်ရောက်တော်မူသည်။

ကပိလဝတ်ရွှေမြို့တော်သို့ မြတ်ဗုဒ္ဓနှင့် ရဟန္တာနှစ်သောင်း ကြွရောက်၍ သီတင်းသုံးသဖြင့် သာသနာဝင်သမိုင်းတွင် ကပိလဝတ်ပြည်သည် တတိယမြောက် သာသနာတော်ထွန်းကားရာဒေသဖြစ်လာသည်။ ပထမသာသနာတော်ထွန်းကားရာ ဒေသမှာ ဗာရာဏသီပြည်ဖြစ်ပြီး ဒုတိယသာသနာတော်ထွန်းကားရာဒေသမှာ ရာဇဂြိုဟ်ပြည်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်သည် မစ္ဆိမတိုင်းကို ဗဟိုပြု၍ ထွန်းကားစည်ပင်ခဲ့သည်။ ရာဇဂြိုဟ်မြို့တော်တွင် ဝေဠုဝန်ကျောင်းတော်ကြီး ပေါ်ထွန်းသကဲ့သို့ ကပိလဝတ်ပြည်တွင်လည်း နိဂြောဓာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာသဖြင့် ရဟန်းတော်များ သီတင်းသုံးတော်မူရာ ပြည်သူ ပြည်သားများ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတို့ကို စိတ်ဆန္ဒရှိတိုင်း ဆောင်ရွက်ခွင့်ရလာသည်။

ထို့နောက် မြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ ဇာတိမာန်ကို နုတ်ပယ်နိုင်ရန် ပေါက္ခရဝဿမိုးကို ရွာသွန်း၍ တန်ခိုးပြတော်မူသည်။ အမျိုးအနွယ်ထက် သီလ၊ သမာဓိ၊ ပညာ အကျင့်မြတ်ကို တန်ဖိုးထားရန်၊ အကျင့်မြတ်နှင့်ပြည့်စုံသော ရဟန်းသံဃာတို့ကို ရိုသေလေးစားရန် ဆုံးမတော်မူခဲ့သည်။ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားတော်မူခဲ့သည်။ မဟာဓမ္မပါလဇာတ်တော်ကို ဟောကြားတော်မူသောအခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးမှာ အနာဂါမ်ဖြစ်လာသည်။ မိထွေးတော်ဂေါတမီမှာ သောတာပန်ဖြစ်လာသည်။ ယသောဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူသည်။

ဇနပဒကလျာဏီ၏ ကြင်ရာလောင်း နန္ဒမင်းသား ရဟန်းဖြစ်လာသည်။ သားတော်ရာဟုလာကို ဓမ္မအမွေခံယူနိုင်ရန် ရှင်သာမဏေပြုစေသည်။ သာကီဝင်မင်းသားတစ်ထောင် ရဟန်းဖြစ်လာသည်။ ရှင်သာရိပုတ္တရာ၏ လျှောက်ထားချက်ဖြင့် ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော်မူသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် တကွ ကပိလဝတ်ပြည်သူပြည်သားတို့၏ မြတ်စွာဘုရားကို ဖူးမြော်လိုသောဆန္ဒ ပြည့်ဝအောင် ဆောင်ရွက်ပေးခြင်း၊ ဆွေတော်မျိုးတော်တို့နေရာ ကပိလဝတ်ပြည်တွင် သာသနာတော်ပွင့်ထွန်းစေရန် စွမ်းဆောင်နိုင်ခြင်းတို့ကြောင့် ကာဠဒါယီမထေရ်မြတ်ကို မြတ်စွာဘုရားက "ကုလပ္ပသာဒကာဒဂ်"ဘွဲ့ ချီးမြှင့်တော်မူခဲ့သည်။

တပေါင်းလပြည့်နေ့တွင် ကာဠဒါယီမထေရ်မြတ်က ဆွေတော်မျိုးတော်တို့ နေထိုင်ရာ ကပိလဝတ်ပြည်သို့ ဒေသစာရီကြွချီတော်မူရန် လျှောက်ထားတောင်းပန်ချက်အရ ဆွေတော်မျိုးတော်အားလုံး၏ဘဝ သန့်ရှင်းစင်ကြယ်ပြီး ဘဝလမ်းမှန်သို့ ရောက်ရှိခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဘဝလမ်းပြ မြတ်ဓမ္မဖြစ်စေသည်။ လူတစ်ဦးချင်းမှစ၍ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် လိုအပ်သော စားဝတ်နေရေးကိစ္စလုပ်ဆောင်ရာတွင် အကုသိုလ်မဖြစ်၊ ကုသိုလ်ဖြစ်အောင် ဘဝလမ်းကိုညွှန်ပြပေးသည်။ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးနှင့် ပြောဆို ဆက်ဆံရာ၌ ယဉ်ကျေးသိမ်မွေ့စေရန် ဘဝလမ်းပြ မြတ်ဓမ္မက သွန်သင်ညွှန်ပြပေးတော်မူခဲ့သည်။

မြန်မာလူမျိုးတို့အား ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စင်ကြယ်ကြွံခိုင်ကာ အဆင့်အတန်းမြင့်၍ ကမ္ဘာ့အလယ်၌ ပွဲလယ်တင့်စေရန်၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာဌာနစလုံး၌ ကောင်းကျိုးဖြစ်ထွန်းစေရန် ညွှန်ပြပေးသည့် အဆိုပါဘဝလမ်းပြ မြတ်ဓမ္မသည် မြန်မာလူမျိုးများ၏ နှလုံးသားများထဲသို့ ဗုဒ္ဓအခါတော်နေ့များမှ တစ်ဆင့် စီးဝင်ရောက်ရှိစေပါသည်။ သို့ဖြစ်ရာ ဘဝလမ်းပြ မြတ်ဓမ္မစီးဆင်းရာ လမ်းကြောင်းဖြစ်သည့် အခါတော်နေ့များ တိမ်ကောပျောက်ကွယ်ခြင်းမရှိအောင် ထိန်းသိမ်းရမည့်တာဝန်သည် ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့၏ သမိုင်းပေးတာဝန်ဖြစ်ပါကြောင်း။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်းစားအုန်းဆီစျေးနှုန်းများ ဆက်တိုက်ကျဆင်း

နေပြည်တော် မတ် ၁၂

ပြည်တွင်းစားအုန်းဆီ ရည်ညွှန်းစျေးနှုန်းများသည် ဇန်နဝါရီ ၁ ရက်တွင် စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ခဲ့ပြီး ယနေ့တွင် ငွေကျပ် ၆၈၉၀ ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် နှစ်ဆန်းမှ ယခုအချိန်ထိ ငွေကျပ် ၃၉၀ ကျဆင်းလာကြောင်း တွေ့ရသည်။

ပြည်တွင်းစားအုန်းဆီစျေးနှုန်းများကို ပြည်ပစားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် အပတ်စဉ် ဖြစ်ပေါ်နေသော စျေးနှုန်းများနှင့် ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းများအပေါ် မူတည်၍ စားအုန်းဆီအခြေခံရည်ညွှန်းစျေးနှုန်းကို အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

နေပြည်တော် မတ် ၁၂

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုရ "ယဉ်ယဉ်မွှန် (ရေးဟောင်း သုတေသန) ရေးသားသည့် **"မြို့တည်နန်းတည် ကေတုမတီ (တောင်ငူ)"** စာအုပ်ကို ၂၀၂၅ ခုနှစ် မတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှ တစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁ ၃၈၁၄၄၈သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

၁၂ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

စာတည်းမှူးချုပ်	– ဦးဝင်းနိုင်	အကြီးတန်း	– ဦးစိုးအောင်၊ ဒေါ်ခင်မိုမို့အောင်၊
ခေတ္တ စာတည်းမှူး	– ဦးအေဝမ်းစိုး	သတင်းထောက်များ	ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
စာတည်းများ	– ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	အငယ်တန်း သတင်းထောက်များ	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
		စာပြင်	– ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	အီးမေးလ်နှင့် အွန်လိုင်း	– ဦးစိုးချစ်ဦးနှင့်အဖွဲ့

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily



ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နဝင်းချောင်းတံတား(အဆုံ) တံတားချဉ်းကပ်ရေလမ်းအနီး မြစ်ကြောင်းဖြောင့်ခြင်း၊ မြေထိန်းနံရံများ ပြုလုပ်ခြင်း၊ သောင်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိမ်းစားပင်ကျေးရွာရှိ မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်တွင် ဒေသထွက်ဆန်မျိုးများ ကြိတ်ခွဲထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းစီမံကိန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အောင်ဇေယျမအူတော၊ သက်နှင်းအင်းကျေးရွာအုပ်စုပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာစနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းစီမံကိန်းနေရာသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေပေးမြောင်းများနှင့် ကုန်ထုတ်လမ်းများ ထည့်သွင်းဆောင်ရွက်ထားရှိမှု၊ ယခင်က မိုးတစ်သီးသာ စိုက်ပျိုးနိုင်သော်လည်း ယခုကဲ့သို့ စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဖော်ထုတ်ပေးနိုင်ခဲ့သည့်အတွက် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်**ကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်သွားရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူများကိုလည်း စက်မှုလယ်ယာစနစ်ကျလယ်မြေ ဖော်ထုတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဆောင်ရွက်သွားရန် လိုကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာမည်” ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျ ဖြစ်စေရေး စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျ မြေပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ နည်း စသည့်နည်းလမ်းလေးသွယ်တွင် မြေကို စနစ်တကျ ပြုပြင်ဆောင်ရွက်သကဲ့သို့ မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနှင့် အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်မှုရရှိစေရေး အတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ပန်းတိုင်အထွက်နှုန်းများ ပြည့်မီနိုင်မည်ဖြစ်ကြောင်း။

ယခုဖော်ထုတ်ပြီးစီးသည့် စက်မှုလယ်ယာ စနစ်ကျလယ်မြေကို စံပြဖြစ်အောင် ဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှု၊ ထွက်ရှိမှုတို့ကို စနစ်တကျမှတ်တမ်းတင်ထားရှိရန်လိုကြောင်း၊ စိုက်ဧကများ အားလုံး၌ မည်သည့်သီးနှံကို စိုက်ပျိုးသည်ဖြစ်စေ အပင်ရေ ပြည့်မီအောင်စိုက်ပျိုးသွားရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကျေးလက်နေလူဦးရေသည် ပိုမိုများပြားပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်ကြသည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဖော်ထုတ်ထားရှိမှုနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုအခြေအနေများ၊ စီမံကိန်းနယ်မြေအတွင်း စပါး စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိမ်းစားပင်ကျေးရွာရှိ မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်သို့ ရောက်ရှိရာ တာဝန်ခံဖြစ်သူ ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဒေသထွက်ဆန်မျိုးများအလိုက် ကြိတ်ခွဲထုတ်လုပ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆန်စက်အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာရှိ ဆောင်းနေကြာ ဧက ၈၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

☆ **“အစကောင်းမှ အနှောင်းသေချာမည်” ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများ အသုံးပြု၍ စနစ်တကျ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်**

☆ စာမျက်နှာ ၃ မှ

မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ ဒေသထွက်စပါးများအား သိုလှောင်နိုင်မှု၊ ကြိတ်ခွဲနိုင်မှုဖြင့် ထွက်ရှိလာသည့်ဆန်များအား ဖြန့်ဝေနိုင်မှုအခြေအနေများ၊ သမဝါယမအသင်းအချင်းချင်းပူးပေါင်း၍ ဆန်စက်လည်ပတ်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ သမဝါယမအသင်းများ၏ အားသာချက်များနှင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကအားဖြင့် ဆန်များအရည်အသွေးကောင်းမွန်ရန်လိုပြီး ပြည်သူများအဆင့်မီမီ စားသုံးနိုင်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီး အရည်အသွေးမီသည့် ဆန်များဖြစ်ရန်လိုကြောင်း၊ Eating Quality ကောင်းပြီး ဈေးကွက်ရရှိနိုင်သည့်ဆန်များ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း၊ မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွေးဆန်အား ကမ္ဘာ့ဈေးကွက်ရရှိရေး ကြိုးပမ်းရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

နဝင်းချောင်းတံတား(အဆုံ) ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်လျက်ရှိမှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဝင်းချောင်းတံတား(အဆုံ)နေရာသို့ ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မိုးအဆက်မပြတ်ရွာသွန်းကာ ရေတိုက်စားမှုကြောင့် တံတားပြိုကျပျက်စီးခဲ့မှုအား လေးလမ်းသွားတိုးချဲ့တည်ဆောက်ပြီးစီးမှု၊ တံတားရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် တံတားချဉ်းကပ်ရေလမ်းအနီး မြစ်ကြောင်းဖြောင့်ခြင်း၊ မြေထိန်းနံရံများ ပြုလုပ်ခြင်း၊ သောင်တူးဖော်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆောင်းနေကြာ ၈က ၈၀ စိုက်ခင်း ဆောင်ရွက်ထားရှိမှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဆောင်းနေကြာ ၈က ၈၀ စိုက်ခင်းနေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ယခင်နှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးသွားသည့် ရှောက်ကုန်းကျေးရွာအနီးရှိ လယ်မြေများအတွင်း ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးထားရှိမှု၊ ဆောင်းနေကြာစိုက်ခင်းအတွင်း ရေဆင်းစပ်မျိုးနေကြာ-၁ အမျိုးအစားအား စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီကို ပြည်ပမှနှစ်စဉ်တင်သွင်းရလျက်ရှိသဖြင့် ဆီထွက်သီးနှံများကို ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေကြာသီးနှံအပါအဝင် ဆီထွက်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ရအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စားသုံးဆီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်နှင့် ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်တို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး သာယာဝပြောသည့် နိုင်ငံဖြစ်ပေါ်စေရန်၊ နိုင်ငံတွင်းစားရေရိက္ခာပေါများပြီး နိုင်ငံသူ နိုင်ငံသားများအားလုံး ဝဝလင်လင်ဖြင့် အာဟာရပြည့်ဝစွာကျွေးမွေးနိုင်သည့် နိုင်ငံဖြစ်စေရန်ဟူသည့် မူဝါဒများပင်ဖြစ်ကြောင်း၊ **ဒေသအလိုက် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစေရေးအတွက် နိုင်ငံအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ်**ကြောင်း၊ ဒေသတွင်းစားသုံးမှုဖူလုံရေးကို ကနဦး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ပြီးပါက ပြည်ပသို့ တင်ပို့နိုင်ရေး ဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးမှုများ အောင်မြင်အောင်ဆောင်ရွက်ပြီး အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားပြီး ဒေသခံစိုက်ပျိုးရေး တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကံကြီးမွေးမြူရေးဇုန်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ်၊ ကံကြီးကျေးရွာရှိ ကံကြီးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်နှင့် ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်တို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး သာယာဝပြောသည့် နိုင်ငံဖြစ်ပေါ်စေရန်၊ နိုင်ငံတွင်းစားရေရိက္ခာပေါများပြီး နိုင်ငံသူ နိုင်ငံသားများအားလုံး ဝဝလင်လင်ဖြင့် အာဟာရပြည့်ဝစွာကျွေးမွေးနိုင်သည့် နိုင်ငံဖြစ်စေရန်ဟူသည့် မူဝါဒများပင်ဖြစ်ကြောင်း၊ **ဒေသအလိုက် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစေရေးအတွက် နိုင်ငံအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ်**ကြောင်း၊ ဒေသတွင်းစားသုံးမှုဖူလုံရေးကို ကနဦး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ပြီးပါက ပြည်ပသို့ တင်ပို့နိုင်ရေး ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံလှူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့နေသူများဖြစ်၍ သား၊ ငါး၊ ဥများ ဖူလုံစွာစားသုံးနိုင်ရန်လိုကြောင်း၊ အလားတူ ကျေးလက်နေပြည်သူများတွင် ဒေသအလိုက်မွေးမြူရေးများရှိသဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း၊ ဒေသတွင်းရှိသည့် လူဦးရေနှင့်အသားစားသုံးနိုင်မှုအချိုးကို တွက်ချက်၍ တစ်နေ့လိုအပ်ချက်၊ တစ်လလိုအပ်ချက်၊ တစ်နှစ်လိုအပ်ချက် စသည်ဖြင့် တွက်ချက်ပြီး စနစ်ကျနသည့် မွေးမြူရေးကိုဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ **နေပြည်တော် ကောင်စီနယ်မြေအပြင် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း မိမိတို့ဒေသအလိုက် စားရေးဖူလုံရေးကို စနစ်တကျဖြင့် တွက်ချက်၍ စနစ်ကျနသည့်မွေးမြူရေးကိုအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ **နိုင်ငံတော်မှလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက် မွေးမြူရေးဇုန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုပြီး ပြည်တွင်း အသားစားသုံးမှုဖူလုံရေးကို ဖော်ဆောင်နိုင်ရမည်ဖြစ်**ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့်လည်း ခိုင်မာမှုရှိပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ **ဇုန်များအလိုက် မွေးမြူရေးထုတ်ကုန်များကို အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်၍ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပိုလျှံသည်များကို အသားအကြမ်းထည်တင်ပို့ခြင်း၊ MSME လုပ်ငန်းများဖြင့် ကုန်ချောပြုလုပ်တင်ပို့ခြင်းတို့ဖြင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ကံကြီးမွေးမြူရေးဇုန် အတွင်းရှိ လုပ်ငန်းရှင် ဦးတင်မြိုင်၏ အသားတိုးဝက်မွေးမြူရေးခြံ၊ လုပ်ငန်းရှင် ဦးမြတ်စံ၏ အသားတိုးကြက်နှင့် ဥစားကြက်မွေးမြူရေးခြံ၊ ဦးတွမ်ခင်ဝင်း၏ နို့စားနွားနှင့် နွားသားပေါက်မွေးမြူရေးခြံတို့အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ လုပ်ငန်းရှင် ဦးမြတ်စံ၏ အသားတိုးကြက်နှင့် ဥစားကြက်မွေးမြူရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ လုပ်ငန်းရှင် ဦးတွမ်ခင်ဝင်း၏ နို့စားနွားနှင့် နွားသားပေါက်မွေးမြူရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံရေးပါတီ (၂၉) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံရေးပါတီ (၂၉) ပါတီ၏
ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်
၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း (၁၄) ရက်
၂၀၂၅ ခုနှစ်၊ မတ်လ (၁၂) ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ်၊ မတ်လ (၃) ရက်နေ့မှ မတ်လ (၉) ရက်နေ့ထိ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ကျွန်ုပ်တို့နိုင်ငံရေးပါတီများက များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

စဉ်	အမည်	ပါတီတာဝန်	ပါတီအမည်	လက်မှတ်
၁။	ဦးခင်ရီ	ဥက္ကဋ္ဌ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	
၂။	ဦးဌေးကျော်	ဥက္ကဋ္ဌ	မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ	
၃။	ဦးခေါတိန့်	အတွင်းရေးမှူး	ဒီမိုကရေစီပါတီသစ်(ကချင်)	
၄။	ဦးဟန်ရွှေ	ဥက္ကဋ္ဌ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	
၅။	ဦးအေးကြိုင်	ဥက္ကဋ္ဌ	ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ	
၆။	ဦးလီပေါ်ရဲ့	ဥက္ကဋ္ဌ	လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုးလေးပါတီ)	
၇။	ဦးဦးသန်းဌေး	ဒုတိယဥက္ကဋ္ဌ	ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၈။	ဦးထွန်းအောင်	ဥက္ကဋ္ဌ	အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၉။	ဒေါ်တင်တင်ရီ	ဥက္ကဋ္ဌ	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ	
၁၀။	ဦးသိန်းကြည်	ဥက္ကဋ္ဌ	အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ	
၁၁။	ဦးကျော်ဇင်	ဥက္ကဋ္ဌ	ပြည်သူ့အလုပ်သမားပါတီ	
၁၂။	ဦးကျော်စွာစိုး	ဥက္ကဋ္ဌ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၁၃။	ဦးစိုင်းအိုက်ပေါင်း	ဥက္ကဋ္ဌ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)	
၁၄။	ဦးတင်ဆွေ	ဒုတိယဥက္ကဋ္ဌ	ဒီမိုကရက်တစ်ပါတီ	
၁၅။	ဒေါ်တင်တင်မာ	ဥက္ကဋ္ဌ	ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ	
၁၆။	ဦးစံသာအောင်	ဥက္ကဋ္ဌ	မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ	
၁၇။	ဦးခိုင်မင်း	ဒုတိယဥက္ကဋ္ဌ	အမျိုးသားဒီမိုကရေစီပါတီသစ်	
၁၈။	ဦးအောင်ဖြိုးကျော်	နာယက	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ	
၁၉။	ဦးအောင်ဘ	ဗဟို အလုပ်အမှုဆောင်	ခူမီးအမျိုးသားပါတီ	
၂၀။	ဒေါ်ဝင်းကေခိုင်အေး	ဥက္ကဋ္ဌ	အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ	
၂၁။	ဒေါ်စောယုမာ	ဥက္ကဋ္ဌ	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ	
၂၂။	ဦးထွန်းအောင်ကျော်	ဥက္ကဋ္ဌ	ခေတ်သစ်ပြည်သူ့ပါတီ	
၂၃။	ဦးမြင့်သန်း	ဥက္ကဋ္ဌ	လေဘာပါတီ	
၂၄။	ဦးရဲထွန်း	ဥက္ကဋ္ဌ	၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ	
၂၅။	ဦးအေးလွင်	ဥက္ကဋ္ဌ	ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ	
၂၆။	ဦးမင်းမျိုးတင့်လွင်	ဥက္ကဋ္ဌ	မွန်တိုးတက်ရေးပါတီ	
၂၇။	ဒေါ်စန္ဒာဦး	ဥက္ကဋ္ဌ	မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ	
၂၈။	ဦးမင်းသူ	ဥက္ကဋ္ဌ	ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ	
၂၉။	ဒေါက်တာခင်မောင်ဦး	ဥက္ကဋ္ဌ	ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ	

☆ စာမျက်နှာ ၄ မှ

လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံအနီး စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးနှင့် တောင်သူတစ်ဦး၏ ပြောကြားမှုကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

တာဝန်ယူဆောင်ရွက်တဲ့အဖွဲ့အစည်းအနေနဲ့ကတော့ စက်မှုလယ်ယာဦးစီးဌာနလက်အောက်မှာရှိတဲ့ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရေးအဖွဲ့(အထက်မြန်မာပြည်) လယ်ဝေးမြို့က ဝန်ထမ်းတွေကပဲ ဌာနပိုင်စက်ယန္တရားတွေ၊ ဌာနဝန်ထမ်းတွေနဲ့ တာဝန်ယူဆောင်ရွက်ပေးတာဖြစ်ပါတယ်။ စီမံကိန်းစတင်တဲ့အချိန်ကာလကတော့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့က စတင်ခဲ့ပြီးတော့ စီမံကိန်းပြီးစီးတဲ့အချိန်ကာလကတော့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့က ဖော်ထုတ်ပြီးတဲ့ စနစ်ကျ လယ်မြေတွေပေါ်မှာ တောင်သူတွေက နွေစပါးစိုက်ပျိုးဖို့ ဆောင်ရွက်နေတာ ရှိပါတယ်။ ဒီနေ့အထိဆိုရင်တော့ စိုက်ပျိုးပြီးတဲ့ ဧကဆိုရင် ဧက ၁၀၀ လောက် စိုက်ပျိုးပြီးဖြစ်ပြီး ကျန်တဲ့ဧက ၁၇၀ ကျော် လောက်က လည်း ထွန်းယက်စိုက်ပျိုးဖို့ မြေယာပြုပြင်တာတွေ ဆောင်ရွက်လျက်ရှိနေပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေက အချိန်မရွေး ရာသီမရွေး ရိတ်သိမ်းတဲ့အချိန်မှာ ရိတ်သိမ်းပြီးတော့ သယ်ပို့ပေးနိုင်တာဖြစ်တဲ့အတွက် အရည်အသွေးကောင်းသီးနှံတွေလည်း ရရှိစေမှာဖြစ်ပါတယ်။ လယ်ကွက်တွေကလည်း ကျယ်ပြန့်ပြီးတော့ မြေယာပြန့်ပြူးတာကြောင့် နဂိုကရေသုံးစွဲတဲ့ပမာဏထက်ကို လျှော့ချပြီးတော့ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ လယ်ကွက်ကျယ်တွေမှာ လယ်ယာသုံးစက်ကိရိယာတွေက စက်စွမ်းအား အပြည့် မောင်းနှင်အသုံးပြုနိုင်မှာဖြစ်တဲ့အပြင် ကျွန်တော်တို့ လောင်စာဆီသုံးစွဲမှုတွေကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။ ပြီးတော့လည်း ကုန်ထုတ်လမ်းတွေပါဝင်တဲ့အတွက် လယ်ယာသုံးစက်ကိရိယာတွေ အချိန်မရွေးအခါမရွေး ဝင်ထွက်သွားလာပြီး လုပ်ကိုင်နိုင်တာဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ တစ်သီးစားကနေ နှစ်သီးစား သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ လယ်ယာလုပ်သားတွေ သုံးစွဲတဲ့နေရာမှာ လယ်ယာသုံး စက်ကိရိယာတွေနဲ့ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနိုင်တာကြောင့် လယ်ယာလုပ်သားသုံးစွဲမှုကို လျှော့ချနိုင်ပြီးတော့ ပိုလျှံလာတဲ့ လယ်ယာလုပ်သားတွေကို နိုင်ငံတော်ရဲ့အခြားသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပြောင်းလဲပြီးတော့ အသုံးချနိုင်မှာဖြစ်ပါတယ်။

လယ်ယာမြေ ဖော်ထုတ်ပေးတဲ့အကျိုးကျေးဇူးတွေကတော့ နိုင်ငံတော်ကနေ ကျွန်တော်တို့ တောင်သူတွေကို လုပ်ပေးတဲ့အတွက် အရင်တုန်းကဆိုရင် လယ်ယာ ၁၄ ကွက် လောက်ရှိပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော် လေးကွက်ပဲ ဖြစ်သွားပါတယ်။ ရေအနေနဲ့လည်း တော်တော်လေး အဆင်ပြေပါတယ်။ အရင်တုန်းက ကွက်ဆင့်သောက်ရေသောက်ရပါတယ်။ နိုင်ငံတော်ကနေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတဲ့အတွက် မြောင်းကနေတိုက်ရိုက်ရပါတယ်။ နောက်ပြီးတော့ ဒီစီမံကိန်းတွေလုပ်တဲ့အတွက် တောင်သူအားလုံးအတွက် အကျိုးအများကြီးရှိပါတယ်။ ရေစုပ်စနစ်ပါ လုပ်ပေးထားတဲ့အတွက် အကုန်လုံး အဆင်ပြေပါတယ်။ အခုလို ကျွန်တော်တို့ကို နိုင်ငံတော်ကနေ အခမဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတဲ့အတွက် တောင်သူတွေကိုယ်စားအများကြီး ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ **သတင်းစဉ်**

ခြေလှမ်းညီညီ အားသစ်တည်၍

ပြည်စိုးညိမ်း

ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့၏ လုပ်ငန်းအချိန်ဇယားမှာ မပြီးဆုံးသေး။ ဒေသစံတော်ချိန်ညပိုင်းတွင် မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ အစည်းအဝေးခန်းမတွင် ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ဆွေးနွေးပွဲတွင် ရုရှား-မြန်မာစီးပွားရေးကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဖရဲသီး၊ သရက်သီး စသည့်သီးနှံများကို ရုရှားနိုင်ငံသို့တင်ပို့နိုင်သည့်အခြေအနေများ၊ စွန့်ပစ်အမှိုက်များ Recycle ဖြင့် ပြန်လည်အသုံးပြုနိုင်ရေးကိစ္စရပ်များ၊ အာကာသနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို အကျယ်တဝင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုကို ပြသသော အားဖြင့် လက်ဆောင်ပစ္စည်းများလဲလှယ်ပေးအပ်ခြင်းဖြင့် ဆွေးနွေးပွဲကို လှပစွာအနားသတ်နိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ဟိုတယ်အစည်းအဝေးခန်းမမှ Conference Hall သို့ကူးသည်။ Conference Hall အတွင်းဝယ် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိလျက်ရှိသည့် စစ်ဘက်၊ အရပ်ဘက်မှသင်တန်းသားအရာရှိများ စုံညီစွာရောက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် မအားလပ်သော လုပ်ငန်းတာဝန်များအကြားမှပင် အချိန်ကိုမရရအောင် ကြံဆထုတ်နုတ်၍ ပညာတော်သင်ကျောင်းသားများကို တွေ့ဆုံအားပေးခြင်းဖြစ်သည်။ အကြီးအကဲတစ်ယောက်၏ မိမိတပည့်သားမြေးများအပေါ်ထားရှိသည့် အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ရေခြားမြေခြားသို့ရောက်နေသည့်တိုင် ရနိုင်သမျှသောအချိန်လေးမှာပင် အပင်ပန်းခံ၍ ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ထိုတပည့်သားမြေးတို့၏တင်ပြချက်များကို အရေးတယူနားစွင့်၍ နွေးထွေးကြင်နာစွာ အားပေးစကားဆိုခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မတ် ၅ ရက်က မြန်မာ-ရုရှား စီးပွားရေးဖိုရမ်၌ ဖြည့်စွက်အမှာစကားပြောကြားစဉ်။

နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသားများကို ပညာတော်သင်များစေလွှတ်ရာတွင် သာမန်ထက်ထူးချွန်သူများကို ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရေးသာမက ရုရှားဘာသာစကားတတ်မြောက်ရေးအတွက်လည်း အခြေခံများသင်ကြားပြီးမှ ရုရှားနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော်ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ပေးခဲ့မှုများကြောင့် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ကိုယ်ကို တန်ဖိုးထားကြစေချင်ကြောင်း၊ နိုင်ငံအတွက် လိုအပ်ချက်များရှိခြင်းကြောင့် ပညာတော်သင်များစေလွှတ်ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခံရသည့် ထူးချွန်သူများဖြစ်သည်နှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

မြန်မာနိုင်ငံသည် ပညာတတ်လူသားအရင်းအမြစ်များပေါ်ထွန်းရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝရန် အထူးလိုအပ်သည်။ သို့မှသာ အခြားသောနိုင်ငံများနှင့်အတူ ရင်ပေါင်တန်း၍ အောင်မြင်မှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက နိုင်ငံသားအားလုံး ပညာတတ်များဖြစ်စေရန်နှင့် ပညာရည်မြင့်မားစေရန် KG+9 အထိ ပညာသင်ကြားနိုင်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံသားတစ်ယောက်အဖို့ အထူးလိုက်နာရန်လိုအပ်သည်မှာ မိမိကိုယ်တိုင် မိမိနိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်ပင်ဖြစ်သည်။ ပြည်ပတွင် ပညာသင်ယူနေသူများအနေဖြင့်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအခြေတည်၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရည်မြော်တွေးကာ ပညာကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရမည်ဖြစ်သည်။

တွေ့ဆုံမှာကြားမှုအပြီးတွင် နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ နိုင်ငံတော်အကြီးအကဲသည် ပြည်ပရောက်ပညာတော်သင်များကို နာယကဂုဏ်ခြောက်ပါးလာ “ဒယာ”တည်းဟူသော သနားချစ်ခင်ကြင်နာခြင်းတို့ဖြင့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို ဤသို့လျှင် ကိုယ်တိုင်ကိုယ်ကျချီးမြှင့်ပေးအပ်လေ့ရှိသည်။

မတ်လ ၅ ရက်နေ့သည်လည်း ခရီးစဉ်ဒုတိယနေ့နည်းတူ လုပ်ငန်းအချိန်ဇယားများနှင့် ပြည့်နှက်နေသည်။ ကနဦးအစီအစဉ်အနေဖြင့် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးကြသည်။ နှစ်နိုင်ငံအကြား ကာကွယ်ရေးကဏ္ဍတွင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးများတိုးတက်ကောင်းမွန်လျက်ရှိမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမှုနှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု ထပ်မံမြှင့်တင်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲဆိုသည်မှာ နိုင်ငံ၏အမိအဖပင်ဖြစ်သည်။ အမိအဖဟူသည် မိမိတို့၏သားသမီးများအပေါ် နီးသည်ဝေးသည်မရှိတူညီသောမေတ္တာဓာတ်ဖြင့် ဖေးမစောင့်ရှောက်ကြသည်သာဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် မအားလပ်သော လုပ်ငန်းတာဝန်များအကြားမှ ယင်းနေ့နံနက်ပိုင်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများကို သွားရောက်တွေ့ဆုံအားပေးသည်။

အကြီးအကဲသည် ထိုနေ့နံနက်ပိုင်းမှာပင် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် မြန်မာ သံရုံးမှ Radisson Collection ဟိုတယ်သို့ ပြန်လည် ထွက်ခွာသည်။

နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားတွင် စီးပွားရေးကလည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ရုရှား - မြန်မာစီးပွားရေးဖိုရမ်ကို မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ Business Hall တွင် ကျင်းပပြုလုပ်ခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် Myanmar Airways International (MAI)၊ Roscon-gress Foundation၊ Fund RC-Investments၊ Russia-ASEAN Business Council နှင့် Russia- Myanmar Business Council တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဂင်းစီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၇ သို့** ☆

> **“အကြီးအကဲတစ်ယောက်၏ မိမိတပည့်သားမြေးများအပေါ် ထားရှိသည့် အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ရေခြားမြေခြားသို့ရောက်နေသည့်တိုင် ရနိုင်သမျှသောအချိန်လေးမှာပင် အပင်ပန်းခံ၍ ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ထိုတပည့်သားမြေးတို့၏တင်ပြချက်များကို အရေးတယူနားစွင့်၍ နွေးထွေးကြင်နာစွာ အားပေးစကားဆို”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားများအတွက် မတ် ၄ ရက်က စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich တို့ မတ် ၅ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

☆ စာမျက်နှာ ၆ မှ

သက်ဆိုင်ရာဝန်ကြီးများက အဖွင့်အမှာစကား အသီးသီးပြောကြားပြီးသည်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌက "မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဆိုင်ရာ အကျဉ်းချုပ်"ကို ရှင်းလင်းသည်။ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှကိုယ်စားလှယ်များကလည်း ခေါင်းစဉ်များအလိုက် အကျဉ်းချုပ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရုရှား MIR Card များ လက်ခံသုံးစွဲနိုင်ရေး ဆောင်ရွက်မှုလုပ်ငန်းအခြေအနေများ Video Clip ကို ကြည့်ရှုကြပြီး ဖိုရမ်ကို ခေတ္တရပ်နားလိုက်သည်။

နေ့လယ်ပိုင်းတွင် ဖိုရမ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အကြီးအကဲက ဖြည့်စွက်အမှာစကား ပြောကြားသည်။ အကြီးအကဲက ယခုလအတွင်း ပဉ္စမအကြိမ်မြောက် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၏ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားနှင့် စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်းတို့ဖြင့် အစပြုစကားဆိုသည်။

ယင်းအစည်းအဝေးများမှနေ၍ ဆွေးနွေးမှုရလဒ်များအဖြစ် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေးစောင့်ရှောက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့ပုံကို ဆက်စပ်ပြသည်။

အထူးသဖြင့် မဟာဗျူဟာကျသည့် ပင်လယ်ထွက်ပေါက်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ထောင်နိုင်ရန် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ခြေလှမ်းသစ်စတင်နိုင်ခြင်းမှာ များစွာအရေးပါသည်။ တိုးတက်လာမည့် ပင်လယ်ရေကြောင်းကုန်သွယ်မှုကို ပြည်တွင်းနှင့် ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးစင်္ကြံလမ်းများတစ်လျှောက်လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများစွာအတွက် တက်ရောက်လာသည့် ဧည့်သည်တော်များကို ဖိတ်ခေါ်လိုက်ခြင်းအားဖြင့် စီးပွားရေးအမြင် ကျယ်ပြန့်နက်ရှိုင်းမှုနှင့်သိမ်မွေ့ညှင်သာသော သံတမန်စွမ်းရည်ကိုပြသည်။

အကြီးအကဲ၏ ဆက်လက်ပြောကြားမှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးအခြေပြု အဆင့်မြင့် နည်းပညာလွှဲပြောင်းမှုအပိုင်းနှင့်စပ်လျဉ်း၍ အလေးထား ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများအကြောင်းပါသည်။ စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် နည်းပညာအသစ်များဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအကြောင်းပါသည်။ နှစ်နိုင်ငံအကြား ငွေပေးချေမှုဆိုင်ရာနည်းလမ်းများ၊ သတင်းအချက်အလက်နည်းပညာနှင့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အဦကဏ္ဍတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်သင့်သည်များ၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍများအကြောင်းပါသည်။

ၦင်းအပြင် ယခုဖိုရမ်သို့တက်ရောက်လာသည့် ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်မှုပြုသည်။ လုပ်ဆောင်နိုင်သည့် စီးပွားရေးလုပ်ငန်းများမှာ အနည်းငယ်မျှသော အရေအတွက်မဟုတ် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်းနှင့် အခြားပြည်ပကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးသည်။ များပြားလှစွာသော စီးပွားရေးကဏ္ဍများနှင့် ပြည်ပကုန်သွယ်ရေးအတွက် ဆွေးနွေးပြောကြားမှုတွင် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုသည်။ အလားတူ အာမခံချက်အဖြစ် အခွင့်အလမ်းများစွာကိုပေးအပ်နိုင်စွမ်းရှိသည်ဟု တည်ကြည်သောစကားကို ဆိုသည်။

ဖိုရမ်သို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များမှာ စီးပွားရေးနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့်အတွက် အကြီးအကဲ၏ဆွေးနွေးမှုကို ပိုမိုစူးစိုက်ကြသည်။ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် လုပ်ကိုင်ရင်းနှီးမြှုပ်နှံပါက ဖြစ်ပေါ်တိုးတက်လာနိုင်မည့် အလားအလာများကို တွက်ဆကြသည်။ လိုအပ်လာမည့် စွမ်းအင်အရင်းအမြစ်အတွက်လည်း အခြေအနေကောင်းများကို အချိန်တိုအတွင်းရရှိနိုင်မှုရှိနေသကဲ့သို့ အခြားကူးသန်းရောင်းဝယ်မှုအတွက်လည်း ပထဝီအနေအထားအရ ကောင်းမွန်လှသည်မို့ သူတို့စိတ်ပါဝင်စားမှုပိုမိုနေသည်မှာ မဆန်းလှ။

ဈေးကွက်နှင့်ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာ တွက်ချက်ပြသည်။

မြန်မာနိုင်ငံပတ်ဝန်းကျင်ရှိ နိုင်ငံများ၏လူဦးရေမှာမူ နှစ်ဘီလီယံကျော် သုံးဘီလီယံနီးပါးခန့်ရှိပြီး အာဆီယံ ၁၀ နိုင်ငံအပြင် အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ မြန်မာနိုင်ငံနှင့်ထိစပ်နေသည်။ ထိုမျှကြီးမားသောဈေးကွက်ကြီးရှိနေသည့်အတွက် မြန်မာနိုင်ငံမှ သဘာဝထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် တန်ဖိုးမြင့်ပစ္စည်းများထုတ်လုပ်ခြင်း၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ၍ နည်းပညာနှင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း စသည်ဖြင့် မည်သည့်နည်းလမ်းဖြင့်မဆို မုချအကျိုးရှိစေနိုင်မည်ဖြစ်သည်။

ရုရှားနှင့်မြန်မာနှစ်နိုင်ငံမှာ ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။ ရုရှားနိုင်ငံ၏ ကြွယ်ဝမှုနှင့် နည်းပညာများကို အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုဆိုလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ ဖြည့်စွက်အမှာစကား ပြောကြားမှုအပြီးတွင် ထွက်ပေါ်လာသည့် ဩဘာလက်ခုပ်သံများက မြန်မာနိုင်ငံအတွက်ရည်ရွယ်သည့် လက်ခုပ်သံများဟုထင်မိသည်။ ခေတ်မီတိုးတက်ခြင်းဟူသော အကျိုးတရားကိုရရှိစေမည့် အကြောင်းတရားကို ဆောင်ရွက်နိုင်ခဲ့မှုအတွက် ဩဘာသံများက နားဝင်ပီယံရှိလှသည်။

အပြန်အလှန်ဆွေးနွေးမှုများမှာ ချစ်ကြည်ရင်းနှီးခင်မင်မှုကို အခြေတည်သည်မို့ မြိုင်မြိုင်ဆိုင်ဆိုသိုသိုဆိုသလိုဆွေးနွေးကြသည်။ နိုင်ငံနှင့် ပြည်သူများအတွက်ဟု ကိုယ်စီရည်မှန်းထားသူများဖြစ်၍ ဆွေးနွေးမှုများမှာ အားပါအသက်ဝင်လှသည်။

မြန်မာနိုင်ငံရှိ ထားဝယ်အထူးစီးပွားရေးဇုန်မှာ မဟာဗျူဟာပင်လယ်ထွက်ပေါက်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ဆောက်နိုင်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုခြေလှမ်းသစ်စတင်နိုင်ခြင်းမှာ ပြည်သူများအတွက် ဝမ်းသာဖွယ်သတင်းကောင်းပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲမှာ မိမိနိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံသယ်ပိုးရွက်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်အပြီးတွင် ခဏတာမျှအနားရသော မွန်းလွဲအချိန်လေးမှာပင် အနားမယူနိုင်သေးဘဲဂါရဝပြုလာရောက်တွေ့ဆုံသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool အား လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးထားသည့်အချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒုးမားလွှတ်တော်သို့ မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များစေလွှတ်၍ အတွေ့အကြုံများဖလှယ်ရေး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တစ်ဆက်တည်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E.Mr. Batu KHASIKOV နှင့်အဖွဲ့ဝင်များက လာရောက်တွေ့ဆုံ၍ ဂါရဝပြုနှုတ်ဆက်ကြသည်။ ယင်းအဖွဲ့က ကာမီးကီယာပြည်နယ်ရှိ ဗုဒ္ဓဥယျာဉ်အတွင်း မြန်မာနိုင်ငံမှ စေတီတော် သို့မဟုတ် ဗုဒ္ဓရုပ်ပွားတော်အား လာရောက်တည်ထားကိုးကွယ်စေလိုမှု၊ မြန်မာနိုင်ငံမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ကာမီးကီယာပြည်နယ်သို့ လာရောက်လေ့လာစေလိုမှုများကို ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ စိန့်ပီတာစဘတ်မြို့သို့ ဆက်လက်ခရီးနှင်ရန် မတ်လ ၅ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘုနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo လေဆိပ်သို့ရောက်ရှိကြသည်။ လေဆိပ်တွင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်ကြသည်။

စိန့်ပီတာစဘတ်မြို့၏ ရာသီဥတုမှာ အနည်းငယ်ပို၍ အေးမြသည်။ အပူချိန် နှစ်ဒီဂရီစင်တီဂရိတ်မျှရှိသည်။ နိုင်ငံတော်အကြီးအကဲမှာ ခရီးပန်းဟန်မရှိ။ လန်းဆန်းတက်ကြွစွာပင် လာရောက်ကြိုဆိုသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်နေသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာလူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည်ဖြစ်သည်။


ဤသည်တို့မှာ အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ခြေလှမ်းညီညီ အားသစ်တည်၍ ရှေ့သို့လှမ်းချီလျက်ရှိသော သမိုင်းတွင်မည့်သမိုင်းဝင်ခြေလှမ်းများပင်ဖြစ်ပါသတည်း။ ။

“အကြီးအကဲ၏ များပြားလှစွာသော စီးပွားရေးကဏ္ဍများနှင့် ပြည်ပကုန်သွယ်ရေးအတွက် ဆွေးနွေးပြောကြားမှုတွင် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကိုရှေးရှုသည်။ အလားတူ အာမခံချက်အဖြစ် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိသည်ဟု တည်ကြည်သောစကားကိုဆိုသည်။ အပြန်အလှန်ဆွေးနွေးမှုများမှာ ချစ်ကြည်ရင်းနှီးခင်မင်မှုကို အခြေတည်သည်မို့ မြိုင်မြိုင်ဆိုင်ဆိုသိုသိုဆိုသလို ဆွေးနွေးကြသည်။ နိုင်ငံနှင့် ပြည်သူများအတွက်ဟု ကိုယ်စီရည်မှန်းထားသူများဖြစ်၍ ဆွေးနွေးမှုများမှာ အားပါအသက်ဝင်လှ”

ကင်းသာရေထိန်းတမံ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ မတ်လကုန်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကင်းသာရေထိန်းတမံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများနှင့် တမံအတွင်းရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကင်းသာရေထိန်းတမံ အခိုင်အမာပြင်ဆင်ခြင်းလုပ်ငန်းများနှင့် ရေသောက်စနစ်များ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအားလုံးပြီးစီးရေး ဆွေးနွေးမှာကြားသည်။



၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီတိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကင်းသာရေထိန်းတမံအတွင်း ရေဝင်ရောက်မှု များပြားခဲ့သဖြင့် တမံထိပ်မျက်နှာပြင်မှ သုံးပေအထိ ရေကျော်စီးဆင်းခဲ့ပြီး တမံကိုယ်ထည်၌ ရေတိုက်စားပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး "ရေလမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းများ၊ တမံအတွင်း ပြည့်နှက်နေသည့် နုန်းများ၊ သဲများကို ဖယ်ထုတ်ခြင်းလုပ်ငန်းများကို အဆင့်လိုက်ဆောင်ရွက်ရန် ကနဦးအနေဖြင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများနှင့် တမံဧရိယာပြန်လည်ဖော်ဆောင်ခြင်း လုပ်ငန်းများကို ဦးစွာဆောင်ရွက်သွားရန်၊ ထို့နောက် ကျိုးပေါက်နေသည့် တမံနေရာများ စနစ်တကျဖြင့် ပြန်လည်ပြုပြင်သွားရန်"လမ်းညွှန်မှာကြားချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပညာရှင်များက ရေထိန်းတမံအား အခိုင်အမာပြုပြင်ရေးလုပ်ငန်းများဖြစ်သည့် တမံကိုယ်ထည်ပြန်လည်မြေဖို့ခြင်း၊ တမံ၏ ရေဝင်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်း၊ ရေထုတ်ပြွန်ပြုပြင်ခြင်း၊ တမံ၏ မူလရေပို့လွှဲပြုပြင်ခြင်းနှင့် ရေပို့လွှဲတံတားတည်ဆောက်ခြင်း၊ အရန်ရေပို့လွှဲ(Fuse Spillway chanel) ထည့်သွင်း တည်ဆောက်ခြင်းနှင့် ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ မတ်လကုန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သံအမတ်ကြီး ဦးသစ်လင်းအုန်း ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၃

ဘယ်လာရုစ်သမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် မတ် ၁၁ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ သမ္မတနန်းတော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား ဂရီဂေါရဲဗိုချ် လူကာရှန်ကို ထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။



သတင်းစဉ်

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ လမ်းလယ်ကျွန်းဓာတ်မီးတိုင်များ စိုက်ထူရေး ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၁၂

ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဟာဗန္ဓုလလမ်းတစ်လျှောက် (လမ်းသစ်လမ်းမှ ဆူးလေဘုရားအဝိုင်းအထိ)နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက်(ပန်းဆိုးတန်းလမ်းမှ ပုဇွန်တောင်ပန်းခြံအထိ)လမ်းလယ်နှင့် လမ်းဘေး ဝဲ/ယာရှိ ကောင်းကင်ဓာတ်အားလိုင်းများအား မြေအောက်ဓာတ်အားလိုင်းအဖြစ် ပြောင်းလဲတည်ဆောက်ခြင်းနှင့် လမ်းလယ်ကျွန်းတစ်လျှောက်တွင် လမ်းမီးတိုင်များ စိုက်ထူရေးလုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးစိုးမိုးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဥက္ကဋ္ဌက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လမ်းသွားလမ်းလာ အများပြည်သူ အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်နှင့် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများအနေဖြင့် မဟာဗန္ဓုလလမ်းတွင် ၅ ဒသမ ၁၁ မိုင်၊ ဗိုလ်ချုပ်လမ်းတွင် ၄ ဒသမ ၁၈ မိုင်အား မြေအောက်ဓာတ်အားလိုင်း များချမြှုပ်လျက် လမ်းလယ်ကျွန်းဓာတ်မီးတိုင် စုစုပေါင်း ၈၉ တိုင် စိုက်ထူကာ LED(150)W လမ်းမီးလုံး ၂၀၀ ထွန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။

ချစ်ဆောင်(YESC)



သာပေါင်းမြို့နယ်၌ နွေရာသီ(အခမဲ့)သင်တန်းများ ဖွင့်လှစ်

သာပေါင်း မတ် ၁၂

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက နွေရာသီ(အခမဲ့)သင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။



ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ဝင်းက အခြေခံအင်္ဂလိပ်စာ Grammar သင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၄ ရက်ထိ၊ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၁၂ ရက်မှ ၁၆ ရက်ထိ၊ အခြေခံပန်းချီသင်တန်းကို မတ် ၁၈ ရက်မှ ၂၂ ရက်ထိ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဦးတည်ကျေးရွာများ ဖွံ့ဖြိုးရေးကွန်ရက်မှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးဟိန်းဆက်ပိုင်က သင်တန်းသား သင်တန်းသူ ၆၀ တို့အား အင်္ဂလိပ်စာ Grammar နှင့် ပတ်သက်၍ ရှင်းလင်းသင်ကြားပြီး အလယ်တန်းအဆင့် အင်္ဂလိပ်စာ Grammar သင်တန်း(အခမဲ့)ကို အပတ်စဉ် တနလ်း၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၉ နာရီခွဲမှ ၁၀ နာရီ ၄၅ မိနစ်အထိ သင်ကြားပေးမည်ဖြစ်သည်။

ပေးဝေခဲ့

ယင်းနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်တို့က သင်တန်းသား သင်တန်းသူများကို အာဟာရပေါင်မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ချောင်းဦးမြို့၌ တောင်သူနည်းပညာပေးသင်တန်းဖွင့်

ချောင်းဦး မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးအတွင်း သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး တောင်သူနည်းပညာပေးသင်တန်းကို မတ် ၁၁ ရက် နံနက် ၈ နာရီက ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ဦးစွာ မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ဝန်ထမ်းများက သင်ခန်းစာများ ပို့ချပေးခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်သည့် အကျိုးဆောင်တောင်သူများအား နွေနှင့်မိုးကြိုသီးနှံများဖြစ်သော စပါး၊ ဝါ၊ နှမ်းနှင့် ပဲတီစိမ်းသီးနှံများ အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ အပင်အားဆေးနှင့် ရေတင်ဒီဇယ်ဆီများ အခမဲ့ချီးမြှင့်ပေးအပ်ခဲ့သည်။

ချောင်းဦးမြို့နယ်အနေဖြင့် ယခုနှစ် နွေနှင့် မိုးကြိုစိုက်ပျိုးရာသီတွင် နွေစပါး ဧက ၂၈၀၊ နွေနှမ်း ၂၇၃၉ ဧက၊ မိုးကြိုပဲတီစိမ်း ဧက ၁၂၉၅၀၊ မိုးကြိုချည်မျှင်ရှည်ဝါ ၂၅ ဧကတို့အား စီမံကိန်းလျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ(ရန်ကုန်) ကျင်းပနိုင်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် မတ် ၁၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ(ရန်ကုန်) ကျင်းပမည့် ကျိုက္ကဆံကွင်းသို့ ရောက်ရှိရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပြပွဲကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို အကွက်ချပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်၍ အားနည်းချက်များကို ဖြည့်ဆည်းပြီး အားသာချက်များကိုပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုပြုလုပ်မည့် MSME ထုတ်ကုန်ပြပွဲကို အဆင့်မီစွာ ကျင်းပနိုင်ရေးအတွက် အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲကို အချိန်မီ ကျင်းပနိုင်ရေးအတွက် ဆိုင်ခန်း တည်ဆောက်ခြင်း၊ လျှပ်စစ်မီး ရရှိရေး၊ ရေရရှိရေး၊ မိလ္လာစနစ်များ စသည်တို့နှင့် ပတ်သက်သည့် ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အချိန်ဇယားများ၊ အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ထုတ်ကုန်ပစ္စည်းများ စျေးကွက်ရရှိစေရန်၊ လုပ်ငန်းရှင်အချင်းချင်း ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးနိုင်ရန်၊ တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပတင်ပို့မှုကို တိုးမြှင့်နိုင်ရန်၊ MSME ထုတ်ကုန်များအား ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် MSME ထုတ်ကုန်ပြပွဲကို ကျင်းပခြင်းဖြစ်၍ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSME များအားလုံး ပါဝင်ပြသနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ (ရန်ကုန်) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြပွဲ ကျင်းပမည့်ကွင်းအတွင်း၌ ဆိုင်ခန်းများ လျာထားသတ်မှတ်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ် ငါးဆူတောင်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဆေးဝါးကုန်ကြမ်း စိုက်ကွင်းသို့ ရောက်ရှိပြီး နိုင်ငံတော်ပိုင်မြေများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့စိတ်ဝင်စားမှုအဆိုပြုလွှာများ ဖိတ်ခေါ်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ထုတ်ပြန် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ဆေးဝါးကုန်ကြမ်း စိုက်ကွင်းအတွင်း မသက်ဆိုင်သူများ ဝင်ရောက်စိုက်ပျိုးမှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း မှာကြားပြီး စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တို့ခေါင်းဆောင်

☆ နိုင်ငံ့အကျိုး၊ ဆောင်သယ်ပိုး၍
အမျိုးဘာသာ၊ သာသနာကို
ပမာနေလ၊ ထွန်းတောက်ပအောင်
နေ့ညမခြား၊ သူကြိုးစားလျက်
စီးပွားလူမှု၊ အစုစုနှင့်
ပြည်သူ့ဘဝ၊ မြင့်မားရအောင်
ထောက်ဆမြော်တွေး၊ လမ်းညွှန်ပေးသည်
လေးစားထိုက်သော တို့ခေါင်းဆောင်။

☆ တိုင်းပြည်၏ဂုဏ်၊ ဖွဲ့စည်းပုံနှင့်
ပြည့်စုံခဲ့ညား၊ တိုင်းရင်းသားတို့
ထွေပြားမဲ့ကင်း၊ စည်းလုံးခြင်းဖြင့်
မှီတင်းပြန်လှန်၊ ညီညွတ်ရန်နှင့်
နိုင်ငံအခွန့်ရှည်၊ ခံ့ညားတည်ရန်
စီမံဆတိုး၊ အများအကျိုးတွက်
အားကိုးထိုက်သော တို့ခေါင်းဆောင်။

☆ တိုင်းပြည့်ကိုယ်စား၊ ရေမြေခြားသည့်
တစ်ပါးနိုင်ငံ၊ ရောက်လေပြန်သော်
သံခင်းတမန်ခင်း၊ တည်ငြိမ်ခြင်းဖြင့်
လမင်းပမာ၊ ဆင်းရုပ်ဝါနှင့်
မေတ္တာညွှန်းစေ၊ မိန့်ခွန်းခွေစဉ်
ကေသရာဇာ၊ ပမာအလား
ခံ့ညားရဲရင့်၊ ပွဲလယ်တင့်၏
ဖွင့်လှစ်မိန့်ကြား၊ ဆိုစကားကို
တစ်ပါးသူလျှင်၊ ချိုနှားဝင်လျက်
အောင်မြင်ပြီးမြောက်၊ ခရီးရောက်သည်
အံ့လောက်စွမ်းဆောင် တို့ခေါင်းဆောင်။

☆ ညော်
တို့ခေါင်းဆောင်သည်၊ ခေါင်းဆောင်ပီ၏
တိုင်းပြည်အတွက်၊ အဘက်ဘက်မှ
တိုးတက်ငြိမ်းအေး၊ ဖွံ့ဖြိုးရေးကို
တွေးရပြောရ၊ ဆွေးနွေးရနှင့်
ရာဇသနင်း၊ မင်းတို့ထုံးစံ
ညဉ့်သုံးယံတွင်၊ တစ်ယံမျှသော
စက်ပျော်မရှိ၊ ထင်ပါဘိ၏
သူ၏လမ်းပြ၊ ညွှန်သမျှကို
ပြည့်ဝလိုက်နာ၊ ကျင့်သုံးပါလျှင်
မြန်မာပြည်သစ်၊ ရွှေတစ်ခေတ်သို့
ဖွင့်လှစ်နိုင်မည်၊ မကြာမီဟု
ယုံကြည်ပါကြောင်း၊ ဆုမွန်တောင်းသည်
ခေတ်ကောင်းအမြန် ရောက်မည်တကား။ ။

မြင်းမူမောင်နိုင်မိုး

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားနိုင်ငံ၊ဘယ်လာရုစ်နိုင်ငံခရီးစဉ်များကို ကြည့်ရှုရင်း လေးစားဂုဏ်ယူစွာဖြင့် ဂုဏ်ပြုဖွဲ့ဆိုပါသည်။)

(၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မော်လမြိုင် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၏ လေးခန်းတွဲလေးထပ် သူနာပြုအိမ်ရာအဆောက်အအုံသစ် ဖွင့်လှစ်



မော်လမြိုင် မတ် ၁၂

၂၀၂၅ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် မော်လမြိုင်အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၏ လေးခန်းတွဲ လေးထပ် သူနာပြုအိမ်ရာအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က သူနာပြုဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အဆောက်အအုံသစ်ရှိ ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပတ်ဖျန်းကာ အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေ၍ ကျန်းမာရေးဝန်ထမ်းများအား လုံးနေရေးထိုင်ရေး မပူမပင်မိသားစုနှင့်အတူတကွ တာဝန်ထမ်းဆောင်ရပါက လုပ်ငန်းခွင် ပျော်ရွှင်ပြီး စိတ်အေးချမ်းသာစွာ လုပ်ငန်း တာဝန်များကို ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ဝန်ထမ်းအိမ်ရာများ ခွင့်ပြုပေးလျက်ရှိရာ မွန်ပြည်နယ် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၏ လေးခန်းတွဲ လေးထပ် သူနာပြုဝန်ထမ်းအိမ်ရာကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်တည်ဆောက်ခဲ့ကာ မော်လမြိုင်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြုများ၏ နေထိုင်မှုဘဝ အဆင်ပြေစေရေးအတွက် ၆၅ ပေခွဲ x ၆၂ ပေ RC လေးခန်းတွဲလေးထပ် သူနာပြုအိမ်ရာအဆောက်အအုံကို ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဆောက်အအုံသစ် အချက်အလက်များကို အဆောက်အအုံအထူးအဖွဲ့(၁၃) မှ တာဝန်ရှိသူက လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ကျန်းမာရေးဦးစီးမှူးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ဒုတိယနေ့တွင် ဆရာတော်/သံဃာတော် အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

နေပြည်တော် မတ် ၁၂

အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာဒုတိယနေ့တွင် ဆရာတော်/ သံဃာတော် အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ပရိယတ္တိ၊ ပဋိပတ္တိ တရားများ ပွားများအားထုတ်လျက်ရှိကြသည့် စာသင်တိုက်များမှ ဆရာတော်/ သံဃာတော်များ၊ သီတဂူဗုဒ္ဓတက္ကသိုလ်များမှ ဆရာတော်/သံဃာတော်များက စနစ်တကျစီတန်း၍ အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် စေတနာရှင်အလှူရှင်များက ကောင်းမှုကုသိုလ်များအတွက် မေတ္တာပို့အမျှပေးဝေကြပြီး အလှူအောင်ပွဲအထိမ်းအမှတ် မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်တွင် စစ်ကိုင်းတောင်ရိုးမှ ဆရာတော်/ သံဃာတော်များ၊ သီတဂူဗုဒ္ဓတက္ကသိုလ်များမှ ဆရာတော်/ သံဃာတော်များအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော် အိတ် ၁၀၀၀၊ ဆီပိသာ ၂၀၀၀၊ ပဲတစ်ပြည်ဝင် အိတ် ၁၀၀၀၊ သင်္ကန်းအစုံ ၁၀၀၀ နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကျင်းပ

ဘားအံ မတ် ၁၂

ကရင်ပြည်နယ် ဘားအံမြို့၏ ကျက်သရေဆောင် သေဋ္ဌမာရ်အောင်ဘုရားကြီး ပရိဝုဏ်အတွင်း ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (တတိယ) အကြိမ်မြောက် တပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါဘုရားကြီး ဂန္ဓကုဋီတိုက်အတွင်း၌ ဆင်ယင်ကျင်းပသည်။



ဦးစွာ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ် အပေါင်းတို့က နိုင်ငံတော်သြဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး တာဝန်ရှိသူများ၊ စေတနာရှင်၊အလှူရှင်များနှင့်အတူ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြကာ နိုင်ငံတော်သြဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး တာဝန်ရှိသူများ၊ စေတနာရှင်၊အလှူရှင်များနှင့်အတူ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြကာ နိုင်ငံတော်သြဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ကြွရောက်ချီးမြှင့်တော်မူကြသော သံဃာတော် အရှင်သူမြတ်များနှင့် ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ် အပေါင်းတို့သည် တပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ပြီးမြောက်စေပြီး မင်္ဂလာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

သီတဂူ (သီပေါ်) စက္ခုဒါနဆေးရုံ ဆိုလာလျှပ်စစ်မီးတပ်ဆင်ရေး အလှူငွေပေးအပ်

သီပေါ် မတ် ၁၂

ကမ္ဘာ့သာသနာပြု သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူအာယုဆေးရုံများ၏ အဓိပတိ ရွှေကျင်နိကာယ ဥပဥဇ္ဈာဇ္ဈ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်၏ သြဝါဒကိုခံယူ၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာနနာယကနှင့် သီတဂူ (သီပေါ်) စက္ခုဒါနဆေးရုံကြီးကြပ်ကွပ်ကဲမှူတာဝန်ခံ ဆရာတော်ဘဒ္ဒန္တပညာသီရိ ကြီးကြပ်မှုဖြင့် အခမဲ့မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းများကို ၂၀၀၈ ခုနှစ် မတ်လမှ ၂၀၂၄ ခုနှစ် မေလ ၁၆ ရက်အထိ (၅၃)ကြိမ်မြောက်အဖြစ် မျက်စိဝေဒနာရှင်ပေါင်း ၃၆၀၇၃ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။



သီတဂူ (သီပေါ်) စက္ခုဒါနဆေးရုံ အခမဲ့မျက်စိခွဲစိတ်ကုသရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဆိုလာလျှပ်စစ်မီးတပ်ဆင်ဆောင်ရွက်နိုင်ရန် အလှူရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိကြသည်။

သီတဂူ(သီပေါ်) စက္ခုဒါနဆေးရုံ ဆိုလာလျှပ်စစ်မီးတပ်ဆင်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် သီတဂူစက္ခုဒါနဆေးရုံတာဝန်ခံ ဆရာတော်အရှင်ပညာသီရိ ဖုန်း-၀၉ ၅၂၇၈၁၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ်)**

ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

အိန္ဒိယနှင့် မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနှင့် ကဘော်ချိုင့်ဝှမ်းကိစ္စ၊ မီဇိုရမ်လွှတ်တော်အမတ်များ ပြောကြားချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မီဒီယာတွေမေးမြန်းနေတဲ့ အိန္ဒိယနဲ့ မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနဲ့ ကဘော်ချိုင့်ဝှမ်းကိစ္စ၊ ပြီးရင် မီဇိုရမ်လွှတ်တော်အမတ်တွေ ပြောကြားတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် လွှတ်တော်အမတ် K. Vanlalvena က အိန္ဒိယနဲ့နယ်စပ်ချင်းထိစပ်နေတဲ့ မြန်မာနိုင်ငံအနောက်မြောက်ဘက် နေရာဒေသတွေကို သွားရောက်ခဲ့တယ်ဆိုပြီးတော့ The Hindu သတင်း Website မှာ ဖော်ပြ



Search THE HINDU

Mizoram MP visits rebel outfit in Myanmar, asks them to join the Indian Union

Mizo National Front MP crosses to Myanmar on foot, meets Chinland Council to "forge friendship and brotherhood"; says they "belong to the same Mizo family", will brief Home, External Affairs Ministers on his talks

Published - March 05, 2025 10:31 pm IST - NEW DELHI

VIJAITA SINGH


READ LATER PRINT

Mizoram MP K. Vanlalvena with the offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India. | Photo Credit: Special Arrangement

Mizoram MP K. Vanlalvena visited the camp and offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India, last week. He said

မီဇိုရမ်ပြည်နယ် လွှတ်တော်အမတ် K. Vanlalvena အိန္ဒိယနှင့်နယ်စပ်ချင်း ထိစပ်နေသည့် မြန်မာနိုင်ငံအနောက်မြောက်ဘက်ဒေသများကို သွားရောက်ခဲ့ကြောင်း The Hindu သတင်း Website တွင် ဖော်ပြထားသည်ကို တွေ့ရစဉ်။

ထားတာတွေ့ရပါတယ်။ သူပြောကြားတာကတော့ K. Vanlalvena က မီဇိုရမ်ပြည်နယ်ကနေ မြန်မာနိုင်ငံအတွင်းကို နယ်စပ်ဖြတ်ကျော်ပြီး သွားရောက်ခဲ့တယ်။ အဲဒီခရီးစဉ်နဲ့ ပတ်သက်ပြီး မီဇိုရမ်ပြည်နယ် အုပ်ချုပ်ရေးမှူးနဲ့ နယ်ခြားစောင့်တပ်ကို အသိပေးအကြောင်းကြားခဲ့တယ် ဆိုပြီးတော့လည်း The Hindu သတင်း Website က ဖော်ပြထားတာကို တွေ့ရပါတယ်။ ပြီးရင် CNF၊ CNA ချင်း PDF အဖွဲ့တွေနဲ့ တွေ့ဆုံခဲ့တယ်ဆိုပြီးလည်း ပြောကြားထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ့အပြင် အိန္ဒိယ-မြန်မာနယ်စပ်ချင်း နယ်စပ်ဆက်စပ်တဲ့ နေရာပေါ့။ တမူး-ကဘော်ချိုင့်ဝှမ်းဒေသနဲ့ပတ်သက်ပြီးလည်း အိန္ဒိယအထက်လွှတ်တော်အစည်းအဝေးမှာ မဏိပူရပြည်နယ်ပါလီမန်လွှတ်တော်အမတ်တစ်ဦးကနေပြီး ဒီဟာနဲ့ပတ်သက်ပြီး ယခင်သမိုင်းကြောင်းအရ အိန္ဒိယဘက်ကပိုင်တယ်ဆိုတဲ့သဘောမျိုး ပြောကြားခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် မီဇိုရမ်ပြည်နယ်ကနေတစ်ဆင့် မြန်မာနိုင်ငံထဲကို ဝင်ရောက်လာတဲ့ နိုင်ငံခြားသားများကိစ္စ နဲ့ပတ်သက်ပြီး ဒီလ ၁၀ ရက်နေ့မှာ မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် Lalduhoma က မီဇိုရမ်ပြည်နယ် လွှတ်တော်မှာ ပြောကြားခဲ့တာကိုတွေ့ရပါတယ်။ ယခင်နှစ် ဇွန်လကနေ ဒီဇင်ဘာလအတွင်း နယ်စပ်ဒေသဖြစ်တဲ့ Aizawl ကို နိုင်ငံခြားသား ၂၀၀၀ နီးပါး လာရောက်လည်ပတ်ပြီး ပြည်နယ်အတွင်းတော့ သွားနေတာမတွေ့ဘဲနဲ့ အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံအတွင်းဖြတ်ကျော်ဝင်ရောက်ပြီး မြန်မာ့ပြည်တွင်းရေးတွေကို ဝင်ရောက်စွက်ဖက်ရန် ဖြစ်တယ်ဆိုပြီး



EDITION IN

THE TIMES OF INDIA

SUBSCRIBE TO

India | Times Evoke | Cancel Patriarchy | Maharashtra | Delhi | Karnataka | Tamil Nadu | Telangana | Uttar Pradesh | West Bengal

NEWS / INDIA NEWS / Foreigners Entering Myanmar Via Mizoram To Train Rebels: CM

TRENDING | Communal Clash in MP | Live Cricket Score | Bank Holidays | Maharashtra budget | Champions Trophy

Foreigners entering Myanmar via Mizoram to train rebels: CM

HC Vanlalruata / TNN / Mar 11, 2025, 03:38 IST

SHARE | AA | FOLLOW US

Foreigners from the US and UK are crossing into Myanmar via Mizoram to provide arms training to local insurgents, according to Mizoram's chief minister. The Center has heightened surveillance in border areas following involvement from China and the US in the Myanmar conflict. The re-imposition of the prot... Read More

Mizoram CM Lalduhoma

AIZAWAL: Foreigners, including those from the US and the UK, are crossing into Myanmar via Mizoram to impart arms training to insurgents there, CM Lalduhoma informed Mizoram assembly on Monday.

The CM said while nearly 2,000 foreigners visited Aizawl between June and Dec last year, they were never seen in the streets, alluding to the fears that their main intention had been to cross into Myanmar to interfere in its internal affairs.

Centre has been closely watching the situation in the border areas after China and the US involved themselves in Myanmar conflict. The recent visit of Mizoram by the US ambassador to India without any prior intimation also came as a surprise, he said.

Union home ministry re-imposed the protected area regime in Manipur, Nagaland and Mizoram to monitor the movement of foreigners.

Stay updated with the latest India news, weather forecast for major cities like Delhi, Mumbai, Noida, and Bengaluru on Times of India.

မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် Lalduhoma က မီဇိုရမ်ပြည်နယ် လွှတ်တော်၌ ပြောကြားခဲ့သည့်သတင်းကို The Times of India တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ဖြေကြားစဉ်။

လွှတ်တော်မှာ တရားဝင်တင်ပြခဲ့တဲ့ သတင်းကိုလည်း The Times Of India သတင်းဌာနကနေပြီး ပြောကြားထားတာကို တွေ့ရပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး မီဒီယာတွေရဲ့ မေးမြန်းချက်ကို ကျွန်တော် ပြောကြားလိုတာကတော့ မြန်မာနဲ့ အိန္ဒိယနိုင်ငံဆိုတာ မိတ်ဆွေကောင်းနိုင်ငံတွေဖြစ်ပါတယ်။ အိန္ဒိယနဲ့ Act East Policy နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ ယခင်ကလည်း ပြောကြားခဲ့ပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံ အစိုးရအနေနဲ့ အိန္ဒိယနယ်မြေကို အသုံးပြုပြီး မြန်မာကို ဆန့်ကျင်နေတဲ့ အုပ်စုများကို မလိုလားသလို မြန်မာနယ်မြေကိုအသုံးပြုပြီး အိန္ဒိယအစိုးရကို ဆန့်ကျင်နေတဲ့အုပ်စုများကိုလည်း မြန်မာနိုင်ငံအနေနဲ့ လက်ခံမထားပါဘူး။ ဒီဟာတွေနဲ့ပတ်သက်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိခဲ့ပါတယ်။ အောင်မြင်မှုတွေအများကြီးရှိခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကိုလည်း လက်တွေ့ပြသပြီးဖြစ်တယ်ဆိုတာ အိန္ဒိယနိုင်ငံအစိုးရအနေနဲ့ သိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနဲ့အတူပဲ ယခင်ကအတိုင်း သဘောတူထားတဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်အတိုင်းပဲ ကျွန်တော်တို့နေထိုင်လျက် ရှိပါတယ်။ မိတ်ဆွေကောင်းပီသစွာ နေထိုင်လျက်ရှိပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်နဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် မြန်မာ-အိန္ဒိယနယ်စပ်ဟာ ၁၀၁၀ မိုင်ကျော်ရှည်လျားပါတယ်။ ၁၆၂၆ ကီလိုမီတာ ရှိပါတယ်။ တိုင်းတာပြီး ၉၀၇ မိုင်ကျော် ရှိပါတယ်။ ကီလိုမီတာအားဖြင့် ၁၄၆၀ ကျော် တိုင်းတာပြီးဖြစ်ပါတယ်။ အများစု တိုင်းတာပြီးဖြစ်ပါတယ်။ အခုပြောဆိုနေတဲ့ ကဘော်ချိုင့်ဝှမ်းဒေသဆိုတာလည်း ယခင်တိုင်းတာပြီး အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်ခြားသတ်မှတ်ချက်အနေနဲ့ ၂၀၁၄ ခုနှစ် မေလ ၈ ရက်နေ့မှာ ချုပ်ဆိုထားတဲ့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလည်း ရှိပြီးဖြစ်ပါတယ်။ က ဆန္ဒပြကန့်ကွက်ခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြောကြားချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံအတွက် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းအဖြစ် အမြဲရပ်တည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာရှိတဲ့ အချို့သောနိုင်ငံရေးသမားတွေအနေနဲ့ မိမိရဲ့နိုင်ငံရေးလိုဘတစ်ခုတည်းကိုကြည့်ပြီး နှစ်နိုင်ငံဆက်ဆံရေးကိုပျက်ပြားအောင် မလုပ်သင့်ဘူးဆိုတာ ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံ



တမူး-ကလေး-မင်းကင်းမြို့နယ်တို့ ပါဝင်သည့် ကဘော်ချိုင့်ဝှမ်းဒေသကို Google Map တွင် တွေ့မြင်ရစဉ်။

ဒီကဘော်ချိုင့်ဝှမ်းဒေသနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင် ယခင်တုန်းကလည်း ၂၀၁၃ တုန်းကလည်း အိန္ဒိယရဲ့အတိုက်အခံပါတီတစ်ခုဖြစ်တဲ့ BJP ပါတီက တမူး-ကလေး-မင်းကင်းမြို့နယ်တွေပါဝင်တဲ့ ကဘော်ချိုင့်ဝှမ်းဒေသကို ပြန်ယူပေးမယ်ဆိုပြီး မဲဆွယ်တာမျိုးရှိခဲ့တယ်။ ဒါတွေကိုလည်း ကလေးမြို့မှာကော၊ မင်းကင်းမြို့မှာကော ဒေသခံတွေရဲ့ အချုပ်အခြာအာဏာ နယ်မြေပိုင်ဆိုင်မှုကိုလေးစားသင့်တယ်လို့ပြောကြားလိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ အသိပေးသင့်တာတွေ၊ ပြောဆိုသင့်တာတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

■

၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်



နေပြည်တော် မတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးပြု၍ မြန်မာ့ပုံရိုပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025; Challenges and Opportunities in the Multipolar World) ကို မတ်၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲတွင် "ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့်အာရှ၏ အခန်းကဏ္ဍ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ" စသည့် ခေါင်းစဉ် သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံ တို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေ့လာသုံးသပ်သူများ (Observers) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏အခြေအနေမှန်ကို ကမ္ဘာက သိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်း ဆောင်ရွက်လာစေရန်၊ မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံပုံရိပ် မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများ ရရှိစေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၂၅ သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့နှင့် တွေ့ဆုံ



နေပြည်တော် မတ် ၁၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မတ် ၂၀ ရက်မှ ၂၅ ရက်အထိ အိန္ဒိယနိုင်ငံ ပတ္တနားမြို့တွင် ကျင်းပမည့် Bihar အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၂၅ သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အစွမ်းကုန်ကြိုးစားပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ရာတွင် စည်းကမ်းတကျ သွားလာနေထိုင်ကြရန်လိုကြောင်း၊ မိမိအားကစားသမားများ၏ အားသာချက်/အားနည်းချက်များကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် ပြိုင်ပွဲအနိုင်အရှုံးရလဒ်များကို မှတ်တမ်းများ စနစ်တကျ ပြုစုထားရှိပြီး အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူများထံ သတင်းပို့တင်ပြသွားရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာ မရရှိစေရေးအတွက် အထူးဂရုစိုက်ကြရန်လိုကြောင်း၊ မြန်မာလူမျိုးတို့၏ အစွမ်းအစကိုပြသ၍ မလျှော့သောဇွဲ၊ စိတ်ဓာတ်ဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ခဲ့ကြရန် တိုက်တွန်းပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြ လေးဦး၊ ဒိုင် တစ်ဦး၊ (အမျိုးသား/အမျိုးသမီး) အားကစားသမား ၁၂ ဦး စုစုပေါင်း ၁၇ ဦးတို့သည် (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲပြိုင်ပွဲနှင့် လေးယောက်တွဲပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က ကျောင်းပြင်ပပညာရေး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် ဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကျင်းပ



ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကျောင်းပြင်ပပညာရေး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် အလှူငွေ၊ ဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကမာရွတ်မြို့နယ်ရှိ လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC)တွင် ကျင်းပသည်။

လက်ခံရယူ

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက အဖွင့်အမှာစကား ပြောကြားပြီး အလှူငွေ၊ ဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်တို့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အလှူငွေ ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မော်မော်သန်း၊ ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ ခေတ္တအတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းတို့က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသော အဖြူအစိမ်းဝတ်စုံ ၈၈၉ စုံ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးက ဗလာစာအုပ် ၁၇၇၅ ဒါဇင်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့များက ဘောပင်နှင့် ခဲတံများ၊ အလှူရှင် ငါးတို့ဦးက လှူဒါန်းငွေကျပ် ၅၉၉၅၇၀၀ တန်ဖိုးရှိ ဝတ်စုံများအား လှူဒါန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် NFPE၊ NFME စခန်း ၅၂ ခုမှ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများက "ကလေးများအတွက် ဒီနေ့" သီချင်းဖြင့် သံပြိုင်သီဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယနေ့လှူဒါန်းသော ကျောင်းပြင်ပပညာရေး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် ဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်မှုမှာ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၉၂၃၉၅၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

အမေရိကန်နိုင်ငံအတွင်းသို့ သံမဏိနှင့်အလူမီနီယံ တင်သွင်းမှုအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံလျက်ရှိ

ဝါရှင်တန် မတ် ၁၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့သည် နိုင်ငံအတွင်းသို့ သံမဏိနှင့် အလူမီနီယံတင်သွင်းမှုအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းကို မတ် ၁၂ ရက်မှစပြီး ကောက်ခံလျက်ရှိသည်။

ထရမ့်သည် လွန်ခဲ့သည့်လက အခွန်စည်းကြပ်မှုများ ဆောင်ရွက်ရန် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ လှုပ်ရှားမှုသည် ကုန်ပစ္စည်းထုတ်လုပ်သူများကို အမေရိကန်နိုင်ငံအတွင်းသို့ ပြန်လည်လာရောက်ရန်နှင့် ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးပေးရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကုန်သွယ်ဖက်နိုင်ငံအားလုံး အခွန်စည်းကြပ်ခြင်းခံရမည်ဖြစ်ကြောင်းလည်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အမေရိကန်စက်မှုလုပ်ငန်းသည် အာကာသယာဉ် ထုတ်လုပ်ရေးမှ စွမ်းအင်အထိ နိုင်ငံခြားမှ တင်သွင်းသော သံမဏိနှင့် အလူမီနီယံထုတ်ကုန်များကို အသုံးပြုသည်။

အလားတူ ဥရောပသမဂ္ဂသည် အမေရိကန်နိုင်ငံ၏ အခွန်စည်းကြပ်မှုအပေါ် တန်ပြန်အခွန်ကောက်ခံမှုများကို မတ် ၁၂ ရက်တွင် ကြေညာခဲ့သည်။

ဥရောပသမဂ္ဂ၏ တန်ပြန်အခွန်ကောက်ခံမှုသည် ယူရို ၂၆ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၈ ဘီလီယံ) တန်ဖိုးရှိသော အမေရိကန် ပို့ကုန်များနှင့် သက်ဆိုင်ကြောင်း အဆိုပါကြေညာချက်တွင် ပါရှိသည်။

အမေရိကန် မော်တော်ဆိုင်ကယ်များနှင့် လယ်ယာထွက်ကုန်၊ ထုတ်ကုန်ပစ္စည်းများအပါအဝင် အခြားပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုကို ဧပြီလမှစတင်၍ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်နှအိတ်ချ်ကေ၊
ဘာသာပြန် - အောင်ကျော်ကျော်



ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စတင်အသက်ဝင်ချိန်မှစ၍ အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၃၇ ဦးထက်မနည်း သေဆုံး

ဂါဇာစီးတီး မတ် ၁၂

ဂါဇာ ကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စတင်အသက်ဝင်ချိန်မှစ၍ အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၃၇ ဦးထက်မနည်း သေဆုံးကြောင်း ဟားမတ်စ်အဖွဲ့မီဒီယာဌာန အကြီးအကဲ ဆာလာမာ မာရုဖ်က ယမန်နေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အစ္စရေးတပ်ဖွဲ့များသည် ဂါဇာမြို့တော်တောင်ပိုင်း၌ ပါလက်စတိုင်း ငါးဦးသေဆုံးမှု အပါအဝင် အပစ်အခတ်ရပ်စဲရေးကို အဆက်မပြတ် ချိုးဖောက်လျက်ရှိကြောင်း မာရုဖ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင်အသက်ဝင်သည့် ဧန်နဝါရီ ၁၉ ရက်မှ လက်ရှိအချိန်အထိ အစ္စရေး တပ်ဖွဲ့ဝင်များက ဒဏ်ရာများဖြင့် တိုက်ခိုက်လျက်ရှိသည်။



စစ်ဆင်ရေးများဆင်နွှဲခြင်းအပါအဝင် စီးပွားရေး ပိတ်ဆို့ခြင်းများ လုပ်ဆောင်ပြီး ပါလက်စတိုင်းသားများအပေါ် ဖိအားများ တိုးမြှင့်လာကြောင်း မာရုဖ်က ဆက်လက်ပြောသည်။

အစ္စရေး တပ်ဖွဲ့ဝင်များကို ဂါဇာဒေသ၌ တင်းကျပ်စွာ ဖြန့်ကြက်ထားပြီး အခြေခံလိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဝင်ရောက်ခွင့်မပြုကြောင်း ၎င်းက ပြောသည်။

အဆိုပါ လုပ်ရပ်များအပေါ် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကြားဝင်ဟန့်တားပေးရန်နှင့် အစ္စရေး၏ လုပ်ရပ်များအတွက် တာဝန်ယူမှုရှိရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

အီဂျစ်၊ ကာတာနှင့် အမေရိကန်နိုင်ငံတို့ ကြားဝင်စေ့စပ်ခဲ့သည့် ဂါဇာအပစ်အခတ်ရပ်စဲရေးသည် ၁၅ လကြာ အပြန်အလှန်တိုက်ခိုက်မှုများအပြီး ဧန်နဝါရီ ၁၉ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။ **ကိုးကား - ဆင်ဟွာ**
ဘာသာပြန် - အောင်ကျော်ကျော်

ပါကစ္စတန်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ရထားတိုက်ခိုက်မှုအတွင်း အကြမ်းဖက်သမားများအား သုတ်သင်

အစ္စလာမ်မာဘတ် မတ် ၁၂

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်တွင် ယမန်နေ့က ဖြစ်ပွားခဲ့သည့် ရထားတိုက်ခိုက်မှုအတွင်း အကြမ်းဖက်သမား အားလုံးကို သုတ်သင်နိုင်ခဲ့ပြီး ဓားစာခံအဖြစ် ထိန်းသိမ်းထားသည့် ခရီးသည် ၁၉၀ ကို ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

ဂျက်ဖာအမြန်ရထားသည် ဘလူချီစတန်ပြည်နယ်မြို့တော် ကာတာမှ ပက်ရှဝါသို့ ထွက်ခွာလာစဉ် သေနတ်သမားများက ရထားကို အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီး ခရီးသည်များကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုကိုရှုတ်ချကြောင်းနှင့်ခရီးသည်များအား ရဲဝံ့စွန့်စားစွာ ကယ်တင်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချီးကျူးဂုဏ်ပြုကြောင်း ဝန်ကြီးချုပ် ရှာဘတ်ရာဇာက ပြောကြားသည်။ တိုက်ခိုက်မှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ဘလူချီစတန် လွတ်မြောက်ရေးတပ်ဖွဲ့က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



ရုရှား-ယူကရိန်းအရေးနှင့်ပတ်သက်ပြီး ရက်ပေါင်း ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြောကြား

ဝါရှင်တန် မတ် ၁၂

ရုရှား-ယူကရိန်းအရေးနှင့်ပတ်သက်ပြီး ရက်ပေါင်း ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးရရှိရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ရက်ပေါင်း ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးကို ရုရှားက သဘောတူညီနိုင်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားသည်။

အမေရိကန်နှင့် ယူကရိန်းကိုယ်စားလှယ်အဖွဲ့ များသည် ဆော်ဒီအာရေးဗီးယားပင်လယ်နီဆိပ်ကမ်းမြို့ ဂျစ်ဒါ၌ အဆင့်မြင့် အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ဒေါ်နယ်ထရမ့်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရန် အတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်းလည်း သမ္မတဒေါ်နယ်ထရမ့်က ဆက်လက်ပြောသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အိမ်ဖြူတော်၌ ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံစဉ် စကားအခြေအတင် ဖြစ်ပွားပြီးနောက် အမေရိကန်အစိုးရက ယူကရိန်းသို့ လက်နက်ခဲယမ်းများ ပေးပို့ခြင်းကို ဆိုင်းငံ့ထားပြီး ထောက်လှမ်းရေးသတင်းများမျှဝေခြင်းကိုလည်း ရပ်ဆိုင်းခဲ့သည်။

ဂျစ်ဒါမြို့၌ ယူကရိန်းနှင့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့များ တွေ့ဆုံပြီးနောက် ယူကရိန်းသို့ ထောက်လှမ်းရေးမျှဝေခြင်းဆိုင်ရာ ခေတ္တရပ်ထားမှုကို ချက်ချင်းရုပ်သိမ်းပြီး လုံခြုံရေးအကူအညီများ ပြန်လည်စတင်ရန် ဝါရှင်တန်က သဘောတူညီခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

အစ္စရေးက ဂါဇာဒေသသို့ပေးပို့သည့် လျှပ်စစ်မာတ်အား ဖြတ်တောက်

ကျေရုဆလင် မတ် ၁၂

ဂါဇာဒေသသို့ပေးပို့သည့် လျှပ်စစ်မာတ်အားကို ဖြတ်တောက်လိုက်ကြောင်း အစ္စရေးက ယမန်နေ့တွင် ပြောကြားသည်။

ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ ဟားမတ်စ်အဖွဲ့အား ဓားစာခံများလွတ်ပေးရေးအတွက် ဖိအားပေးခြင်းဖြစ်သည်ဟုသိရသည်။

ဂါဇာဒေသသို့ပေးပို့သည့် လျှပ်စစ်မာတ်အားဖြတ်တောက်ကြောင်း အမိန့်ကို မိမိလက်မှတ်ရေးထိုးထုတ်ပြန်ကြောင်းအစ္စရေး လျှပ်စစ်ဝန်ကြီးအီလီကိုဟန်က ပြောကြားသည်။ လက်ရှိအချိန်တွင် ဟားမတ်စ်အဖွဲ့၏ လက်တွင် ဓားစာခံ ၅၉ ဦးရှိနေပြီး ၎င်းတို့အနက် ၂၄ ဦးမှာ အသက်ရှင်နေသည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

၎င်းဓားစာခံများလွတ်မြောက်ရေးနှင့် ဂါဇာဒေသတွင် ဟားမတ်စ်အဖွဲ့ မရှိစေရေးအတွက် မိမိတို့ ကြိုးပမ်းဆောင်ရွက်မည်ဟုလည်း ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး ပထမအဆင့် လွန်မြောက်ခဲ့ပြီးနောက် အစ္စရေးက ဂါဇာဒေသအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့သည်။

အစ္စရေးနိုင်ငံကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်အဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၇၇၇၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yar Zar Min Truck တစ်စီး၊ Nissan Diesel Truck နှစ်စီး၊ Hino Ranger Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Chenglong Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ခြောက်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၇၇၇၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

မတ် ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်နှင့် မကွေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဖလုံ(၂)နယ်မြေ၌ တရားမဝင် သစ်မာ ၁ ဒသမ ၈၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၇၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သဃ်ိန်းကျွန်းမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် မြောက်ဒဂုံမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၇၀၀၇၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ မုဒုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့ စျေးကြိုရပ်ကွက် အင်းယားလမ်းဘေး၌ ပိုင်ရှင်မဲ့စုပုံထားသော တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂ၁ ဝီပါ (ခန့်မှန်းတန်ဖိုးငွေ ၄၁၄၀၇၆၉၅ ကျပ်)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၈၃၄၀၇၆၉၅ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေမြို့အထွက် Puma စက်သုံးဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၇၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၁၃၁၀၅၇၆၉ ကျပ်)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၇၈၁၄၂၇၆၉ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၀ (ခန့်မှန်းတန်ဖိုးငွေ ၁၁၁၄၄၃၃၇၅၆၃ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေး ကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်နိုင်းများကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သိရသည်။

သတင်းစဉ်

ပေါက်ခေါင်းတွင် တပ်မတော်က လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံ ၂၀၀ ကျော် စစ်ရှောင်နေရဟု မဟုတ်မမှန်သတင်းများ ဝါဒဖြန့်လှုံ့ဆော်လျက်ရှိ

နေပြည်တော် မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် သစ်ရောင်းပြန်ရွာ၊ ကံကြီးကုန်းနှင့် ဖိုလ်ကုန်းကျေးရွာတို့တွင် မတ် ၁၀ ရက်က တပ်မတော်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံ ၂၀၀ ကျော် စစ်ရှောင်နေရကြောင်း မဟုတ်မမှန် သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။



အဆိုပါ သတင်းနှင့်ပတ်သက်၍ ပေါက်ခေါင်းမြို့နယ်မှ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူ တစ်ဦးထံ ဆက်သွယ်မေးမြန်းရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့်အတွက် အပြစ်မဲ့ပြည်သူများနေထိုင်ရာ ကျေးရွာများကို လက်နက်ကြီးပစ်ခတ်မှု မရှိကြောင်း၊ ပေါက်ခေါင်းမြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင် လှုပ်ရှားနေသည့် နေရာများအား ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် နယ်မြေလုံခြုံရေးများ ဆောင်ရွက်လျက်ရှိသည်ကို အကြမ်းဖက် အားပေး ပြည်ဖျက်မီဒီယာများက လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်သတင်းများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၃-၂၀၂၅ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ အန္တရာယ်ကင်းရှင်းတိတ်တရားတော် (မေတ္တာသုတ်၊ရတနာသုတ်၊တောရွှံရံသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ဘဝနွေဆန်းစ...တပါင်းလ
၀၉:၁၀ နဝဂုဏပါဒါထသီလပေးတရားတော်
၀၉:၂၅ NRC အစီအစဉ်
၀၉:၄၀ ရတနာသုတ္တသုတရုံလင်အမျိုးသား ကန်တော်ကြီးဥယျာဉ်
၁၀:၃၅ တပါင်းသာဒေါင်လများနောင်
၁၁:၄၀ NEXT LEVEL
၁၂:၃၀ သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တ ဥာဏိသရစ်နွေဦးဆောင်းနောင်း လတပါင်း(အပိုင်း-၂)
၁၃:၃၅ MRTV National News
၁၃:၅၅ ၂၀၂၅ခုနှစ်၊တက္ကသိုလ်ဝင်စာပေပွဲ အထောက်အကူပြုသင်ခန်းစာသီကောင်း စရာများ(တတ္တဝေဘာသာရပ်) (ဒေါက်တာရဲမြင့်အောင်)

mitv

07:02 Evergreen Classic: Myanma Panorama and Myanma Sentiment
07:08 The Greatest Traditional Custom
07:41 Healthy Diet: Fasting Diet
07:49 A Traditional Snack in NgweSaung
08:01 News
08:26 Asia Updates; Dondrup and Xiawa
08:33 Ecotourism: Tamu And Hand Washing Lake
08:48 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-4)
09:23 ASEAN - We are One
09:37 Clay Art On Canvas: Ricky Zachariah
10:01 News

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
Magretနှင့်အင်တာဗျူး
ကယား (၀၈:၀၀ မှ ၁၀:၀၀)
ဗားစည်သံဝေဂယားမြေ
ဗဟကရင် (၁၀:၀၀ မှ ၁၁:၀၀)
အရိုးပွေရာဂါအကြောင်းသိကောင်းစရာ
အနောက်ပိုင်းကရင် (၁၁:၀၀ မှ ၁၂:၀၀)
ရင်ထဲကလက်မှုပညာ
အရှေ့ပိုင်းကရင် (၁၂:၀၀ မှ ၁၃:၀၀)
စာပေစကားပြောကြရအောင် (အပိုင်း-၂)

Me

၀၆:၀၀ အပွင့်၊ ဝမ္မပုဇာတ်းသီချင်းများ
၀၆:၃၀ တိုင်းရင်းသားသီချင်း၊ အဂၤ(မွန်)
၀၆:၅၅ မြန်မာသံစဉ်ဝေါများ
၀၇:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေးနှင်ထာဒရိုး' (အပိုင်း-၂၄)
၀၈:၀၅ စတီရီယိုဝေါများ
၀၈:၂၅ ယိမ်းအကဇျော်ဖြေမှု
၀၉:၁၀ ကာတွန်းအစီအစဉ် 'ဖြူဝင်စိတ်ရဲ' (အပိုင်း-၂၀)
၀၉:၂၅ စတီရီယိုဝေါများ
၀၉:၄၀ မြန်မာရုပ်ရှင်(ဖြူမည်း) 'တတစ်လုံးဒေါင်းတွား'

MRTV NEWS

၀၆:၀၀ အပွင့်၊ဝေါသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်ကဏ္ဍ(LIVE)
၁၈:၄၅ ကမ္ဘာ၀န်းကျင်ဇီဝမျိုးကွဲစုံလင်
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

MRTV PARLIAMENT

၀၉:၀၀ အပွင့်၊အလံ
၀၉:၁၅ ပြည်သူစုစုပေါင်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဘဂ္ဂလူနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို 'ကိုယ်နှင့်ပဆိုင်သော်လည်း'
၁၀:၀၀ ပြည်သူစုစုပေါင်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဆွစ်ဇလန်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာလွှေးကောက်ပွဲများအကြောင်း 'ဆွစ်ဇလန်နိုင်ငံ'
၁၁:၃၀ ဂျူမိုရီမည်ပန်းတိုင်ဆီ (အပိုင်း-၇၃)

MRTV FARMERS HD

၀၆:၀၀ အပွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၅ ကြီးစားဆောင်ခွက်ပြည်သူအတွက် 'သမဝါယမဦးစီးဌာန'
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၂၀ The Planet
၂၀:၀၀ ရေမဆေးဘကျော်ဘဟော (ဇာတ်လမ်း)
၂၂:၀၀ The Father (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အပွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary (Judo)
၀၇:၄၀ Weekly Socer Preview
၁၀:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel တို့
ဇနဝရီ ၂၇ ရက် (၉:၀၀)နာရီမှ
တစ်ကြိမ်လျှင် (၄)နာရီ
(၅)ကြိမ်တိုင်၊ ထုတ်လွှင့်ပြသသွားအပ်ပါသည်။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ



ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၇၄၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၂

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထို့ကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မတ် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Xz King" Facebook အကောင့်နှင့် "Xz King" TikTok အကောင့်ပိုင်ရှင် ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကမာနတ်ကျေးရွာနေ စိုးမိုးဦးအား ည ၆ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

* ကျောဖုံးမှ

ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ ဘင်ဖီကာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ဘင်ဖီကာအသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ရာဖင်ဟာက နှစ်ဂိုး၊ ယာမယ် က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဘင်ဖီကာအသင်းကို အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် ဒီဇင်ဘာ ၂၁ ရက် နောက်ပိုင်း ပြိုင်ပွဲစုံ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းကတော့ ဘွန်ဒက်လီဂါပြိုင်ဘက် လေဗာကူဆင်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး လေဗာကူဆင်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လေဗာကူဆင်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ ယခုဘောလုံးရာသီမှာ ချန်ပီယံလိဂ်သွင်းဂိုး ၁၈ ဂိုးအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ အင်တာမီလန်အသင်းက ဖီယင်နုအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းနဲ့ လီဗာပူအသင်းတို့ပွဲစဉ်မှာတော့ နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် ပင်နယ်တီအဆုံးအဖြတ်မှာတော့ ပီအက်စ်ဂျီအသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၃-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၁၅၅	၃၂၇၀	၃၂၃၅	၃၁၇၀	၃၂၇၅	၃၂၉၀	၃၃၁၀	၃၂၂၅	၄၅၀၅	၃၅၂၀	၃၂၄၅	၃၂၄၅	၃၃၁၅	၃၂၈၀	၃၃၀၀	၃၅၆၀
95 Ron	၃၂၀၅	၃၃၂၀	၃၂၈၅	၃၂၂၀	၃၃၂၅	၃၃၄၀	၃၃၆၀	၃၂၇၅	၄၅၆၀	၃၅၇၀	၃၂၉၅	၃၂၉၅	၃၃၆၅	၃၃၃၀	၃၃၅၀	၃၆၁၀
HSD (500 ppm)	၂၆၉၀	၂၈၀၅	၂၇၇၀	၂၇၀၅	၂၈၁၀	၂၈၂၅	၂၈၄၅	၂၇၆၅	-	၃၀၅၅	၂၇၈၀	၂၇၈၀	၂၈၅၀	၂၈၁၅	၂၈၄၀	၃၀၉၅
HSD (50 ppm)	၃၃၃၀	၃၄၄၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	၄၈၃၀	၃၆၉၅	၃၄၂၀	၃၄၂၀	၃၄၉၀	၃၄၅၅	၃၄၇၅	၃၇၃၅
HSD (10 ppm)	၃၃၃၀	၃၄၄၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	-	၃၆၉၅	၃၄၂၀	၃၄၂၀	၃၄၉၀	၃၄၅၅	၃၄၇၅	၃၇၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၈၂	၃၀၇၅
95 Ron	၃၀၃၀	၃၁၂၄
HSD (500 ppm)	၂၈၅၃	၂၈၁၃
HSD (50 ppm)	၃၁၅၁	၃၂၄၄
HSD (10 ppm)	၃၁၅၁	၃၂၄၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



မြန်အောင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

မြန်အောင် မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက မတ် ၁၁ ရက် နံနက်ပိုင်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြို့ပေါ်ရပ်ကွက်များ၌ အသင့်ထားရှိသော အပေါ့စားရေနုပ်စက်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့ပေါ်ရပ်ကွက်များ၌ အသင့်ထားရှိသော အပေါ့စားရေနုပ်စက်များ အသင့်အသုံးပြုနိုင်ရေးနှင့် စက်ကိရိယာများကြွံခိုင်မှုရှိ/မရှိကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ထွေး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က စစ်ဆေးခြင်းနှင့် စမ်းသပ်ပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မြို့ပေါ်ရပ်ကွက်အတွင်းရှိ အသေးစားဖယောင်းတိုင်ထုတ်လုပ်သောလုပ်ငန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧရာဦးသာ

ပဲခူးမြို့ ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေဂူလေးစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

ပဲခူး မတ် ၁၂

ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ ရွှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေဂူလေးစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ရတနာဌက်မြတ်နားတော်နှင့် ရွှေထီးတော် ပြန်လည်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို မတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဧနီး အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မင်္ဂလာအောင်စည် အောင်မောင်း (၉)ကြိမ်တီးခတ်ပူဇော်ကာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယအရှင်သူမြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအား ဆောင်ရွက်တော်မူကြပြီး အခမ်းအနားမှူးက အမျှဝေစာတမ်းဖတ်ကြားပူဇော်ကာ သာဓုသုံးကြိမ်ခေါ်ဆို၍ အမျှပေးဝေကြသည်။ ယင်းနောက် ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧနီး၊ တာဝန်ရှိသူများက ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဧည့်ပရိသတ်များအား စတုဒိသာ ကျွေးမွေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာမဏေကျော်ပရိယတ္တိစာသင်တိုက်တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာစရာလင်္ကာရဘိဝံသ အရှင်သူမြတ်ထံမှ မဟာမင်္ဂလာမြတ်ဒါန အဝဝ၊ လှူဒါန်းပူဇော်မှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဧနီးများ၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧနီး၊ တာဝန်ရှိသူများက ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဧည့်ပရိသတ်များအား စတုဒိသာ ကျွေးမွေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများထံ ရတနာစိန်ဖူးတော်၊ ရတနာဌက်မြတ်နားတော်တို့အား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာမဏေကျော်ပရိယတ္တိစာသင်တိုက်တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာစရာလင်္ကာရဘိဝံသ အရှင်သူမြတ်ထံမှ မဟာမင်္ဂလာမြတ်ဒါန အဝဝ၊ လှူဒါန်းပူဇော်မှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဧနီးများ၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧနီး၊ တာဝန်ရှိသူများက ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဧည့်ပရိသတ်များအား စတုဒိသာ ကျွေးမွေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော်မြတ်တို့ကို မင်္ဂလာဝေါဟာရဖြင့် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော်မြတ်တို့ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ပြီး နံ့သာရည်များ ပက်ဖျန်းကာ စေတီတော်မြတ်ကြီး၏အထွတ်သို့ တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ ရွှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေဂူလေးစေတီတော်မြတ်ကြီးအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယအရှင်သူမြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအား ဆောင်ရွက်တော်မူကြပြီး အခမ်းအနားမှူးက အမျှဝေစာတမ်းဖတ်ကြားပူဇော်ကာ သာဓုသုံးကြိမ်ခေါ်ဆို၍ အမျှပေးဝေကြသည်။ ယင်းနောက် ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧနီး၊ တာဝန်ရှိသူများက ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဧည့်ပရိသတ်များအား စတုဒိသာ ကျွေးမွေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား (၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနား ကျင်းပ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

မန္တလေး မတ် ၁၂

နှစ်စဉ်ကျင်းပမြဲ ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဧနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဧနီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ဇီဝိတဒါနအဖြစ် ငါးမြစ်ချင်း အကောင်ရေ၂၀၀၀ ကို ဒုဋ္ဌဝတီမြစ်အတွင်း လွှတ်ပေးကြကာ ပွဲဈေးတစ်လျှောက် လိုက်လံကြည့်ရှုရှု၍ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာပြည်သူများနှင့် ဈေးဆိုင်ရှင်များအား ရင်းနှီးစွာ နှုတ်ဆက်အားပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုရှု ရွှေသင်္ကန်း ၊ ပန်း ၊ ရေချမ်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသန္တာန မဟာဓမ္မဗိမာန်တော်ကြီးတွင် ဆက်လက်ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖူးမြော်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဥတ္တမထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုရှု လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားနှင့် (၅၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆုရဓာတ်ပုံအနုပညာပြပွဲ ကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားနှင့် ၂၀၂၄ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆုရဓာတ်ပုံအနုပညာပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Sule Square Mall ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယက၊ မြန်မာ့ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နာယကများဖြစ်ကြသည့် ဦးတင်မြင့် (စစ်ပန်းငြိမ်း)၊ ဦးဖေမြင့်ဦးနှင့် ဦးထင်လင်း(Golden Arrow)တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြကာ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဦးဒီပ(Director Di Pa)က ဓာတ်ပုံပညာရပ်ဆိုင်ရာများနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးသည်။

(၅၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆုရဓာတ်ပုံအနုပညာပြပွဲကို မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင် ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ဓာတ်ပုံပညာရပ်ဆိုင်ရာအသိပညာများ ဟောပြောဆွေးနွေးမှုများကိုလည်း နေ့စဉ်ပြုလုပ်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း၊ (၅၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာဓာတ်ပုံပြိုင်ပွဲတွင် ရှုခင်းစဖွယ် အဖြူအမည်းကဏ္ဍ၊ ရှုခင်းစဖွယ် ဆေးရောင်စုံကဏ္ဍ၊ လူပုံကဏ္ဍ၊ စိတ်ကြိုက်ဒစ်ဂျစ်တယ်ကဏ္ဍ၊ Photo Essay၊ Mobile Phone Photography ကဏ္ဍများ ပါဝင်ပြီး ယှဉ်ပြိုင်သူ ၅၆ ဦးတို့က ဓာတ်ပုံပေါင်း ၇၁၄ ပုံဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ ဆုရရှိသူများအား မတ် ၁၆ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ကိုထက်



ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

စိတ်ပျော်ရွှင်လန်း Home Garden

ဇူဇီဇင် (မုံရွာ)၊ ဓာတ်ပုံ-စိုက်ပျိုးရေး(ပြန်ကြားရေးဌာနခွဲ)

မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံနေထိုင်မှုနဲ့အတူ ယဉ်ကျေးမှုအမွေအနှစ်တွေပေါကြွယ်ဝပြီး ရိုးရာဓလေ့ထုံးတမ်းတွေကို နေ့စဉ်လူနေမှုဘဝနဲ့ ယှဉ်တွဲလက်ကိုင်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းကလည်း အရေးပါတဲ့ကဏ္ဍမှပါဝင်ပြီး အဓိကအစားအစာ အရင်းအမြစ်အဖြစ်သာမက နိုင်ငံရဲ့ယဉ်ကျေးမှုနဲ့ အလေ့အထတွေကို သိသာထင်ရှားစေပါတယ်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းက ဝါသနာအရသာမက လူမှုဘဝနေထိုင်မှုမြှင့်တင်ရေး၊ ကျန်းမာရေးကောင်းမွန်ရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ ထိတွေ့ဆက်ဆံနိုင်ဖို့ ပြီးပြည့်စုံတဲ့နည်းလမ်းတစ်ခုပဲဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဆိုရာမှာ ဧကပေါင်းမြောက်မြားစွာ စီးပွားဖြစ်စိုက်ပျိုးခြင်းသာမက မိမိအိမ်နောက်ဖေးခြံဝင်းအတွင်းရှိ မြေကွက်လပ် ဝရန်တာလိုနေရာတွေမှာလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဟာလည်း မိမိရဲ့ စိတ်အေးချမ်းမှုကို ရှာဖွေဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။



စီးပွားဖြစ်စိုက်ပျိုးထားသည့် Home Garden။

အိမ်နောက်ဖေးစျေးဆိုင်တည်

တိုးတက်လာတဲ့ လူနေမှုဘဝနဲ့အတူ မြင့်မားလာတဲ့ကုန်စျေးနှုန်းတွေက ဝမ်းရေးအတွက် လှုပ်ရှားသွားလာနေသူတွေအပြင် အိမ်ရှင်မတိုင်းရဲ့ မီးဖိုချောင်ကို တွန်းအားပေးလှုပ်ကိုင်လျက်ရှိပါတယ်။ ဒေါ်လာစျေး၊ ရွှေစျေး၊ ဆန်စျေး၊ ဆီစျေးသာမက ကုန်စိမ်းစျေးတွေကလည်း မြင့်တက်လာတာမို့ အခြေခံလခစားလုပ်သားတွေ၊ အများပြည်သူတွေရဲ့ တစ်နေ့တာ ဝမ်းရေးဖူလုံဖို့ရာမှာ မချောင်လှပါဘူး။ တစ်နေ့ကို ငွေတစ်သောင်းလောက်မကုန်ရင် စျေးဖိုးမလောက်ငတဲ့ ယခုလိုအခြေအနေမှာ အိမ်နောက်ဖေးစျေးဆိုင်တည် ဟင်းသီးဟင်းရွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်း(Home Garden) က အလွန်ပဲ အရေးပါလှပါတယ်။

Home Garden စိုက်ပျိုးခြင်းက စားရေရိက္ခာဖူလုံရေးနဲ့ မိသားစုအတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်လတ်ဆတ်တဲ့ သီးနှံတွေကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်တဲ့ သုခဘုံသာမက အိမ်နီးချင်းတွေအကြား လူမှုဆက်ဆံရေးနဲ့ ရင်းနှီးမှုတွေ တိုးပွားစေတဲ့ နေရာတစ်ခုပဲ ဖြစ်ပါတယ်။

Home Garden တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းက မိမိနေရာဒေသ ရေမြေရာသီဥတုအပေါ်တည်မှီကာ မိမိနှစ်သက်တဲ့နည်းလမ်းတွေနဲ့ စိုက်ပျိုးနိုင်ပါတယ်။ မြေကွက်လပ်နေရာကျယ်တဲ့ ဒေသတွေမှာ ပေါင်တော၊ ကျင်းတွေနဲ့ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်အထိ စိုက်ပျိုးနိုင်ပြီး မြို့ပြနေရာ၊ အထပ်မြင့်အဆောက်အအုံတွေမှာတော့ Container garden လို့ခေါ်တဲ့ အိုး၊ ခွက်၊ ခြင်းတွေ အသုံးပြုပြီး ဟင်းသီးဟင်းရွက်တွေကို အိမ်နောက်ဖေးစျေးဆိုင်တည်ကာ စိုက်ပျိုးနိုင်ပါတယ်။

မိသားစုတွေက ကိုယ်ပိုင်သီးနှံစိုက်ပျိုးခြင်းအားဖြင့် စျေးဆိုင်တွေမှာ နေ့စဉ်ဝယ်ယူအသုံးပြုနေရတဲ့ ကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချနိုင်စေပြီး သွားလာရတဲ့အချိန်နဲ့ သယ်ယူပို့ဆောင်ခတွေကို လျှော့ကျစေမှာ ဧကန်အမှန်ပင်ဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ Home Garden တွေကို စိုက်ပျိုးခြင်းဟာ မိမိကိုယ်တိုင် စားရေရိက္ခာဖူလုံစေရုံသာမက ပိုလျှံလာတဲ့ထွက်ကုန်တွေကို စည်သွတ်ဘူးတွေ၊ အအေးခံတာ၊ အချဉ်ဖောက်တာနဲ့ အခြောက်ခံခြင်းနည်းနဲ့ ထိန်းသိမ်းပြီး တစ်နှစ်ပတ်လုံးစားနိုင်တဲ့အပြင် မြန်မာ့ယဉ်ကျေးမှုအရ အိမ်နီးချင်းတွေကို ဝေငှခြင်းဖြင့် ခင်မင်ရင်းနှီးမှုတိုးစေနိုင်ပါတယ်။ ဒါ့အပြင် ထွက်ကုန်တွေကို နီးစပ်ရာစျေးကွက်မှာ ရောင်းချနိုင်တာကြောင့်လည်း တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိပြီး အိမ်ထောင်စုစီးပွားရေးကို သိသိသာသာ အထောက်အကူပြုစေပါတယ်။

Organic ထွက်ကုန်တွေရရှိ

Home Garden ရဲ့ ဆွဲဆောင်မှုအရှိဆုံး အကျိုးကျေးဇူးတစ်ခုက လတ်ဆတ်တဲ့ Organic ထွက်ကုန်တွေရရှိခြင်းဖြစ်ပါတယ်။ ကိုယ်ပိုင် Home Garden တစ်ခုကို ဓာတုပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကို အသုံးမပြုဘဲ မိမိစိတ်တိုင်းကျ ပျိုးထောင်စိုက်ပျိုးနိုင်လို့ လတ်ဆတ်ကောင်းမွန်တဲ့ Organic သီးနှံတွေကို စားသုံးနိုင်တာကြောင့် မိသားစုရဲ့ ကျန်းမာရေးကို ပိုမိုကောင်းမွန်စေနိုင်ပါတယ်။ အားလပ်ချိန်တွေမှာ မိသားစုနဲ့အတူ မိမိစိုက်ခင်းကို မြေဆွ၊ ပေါင်းသင်၊ ရေလောင်းမယ်၊ စိုက်ခင်းကထွက်ရှိလာတဲ့ သီးနှံတွေကို မိမိကိုယ်တိုင် ဆွတ်ခူးတာမို့ ပြင်းထန်တဲ့ ကိုယ်လက်လှုပ်ရှားမှုကို မှီဝဲဖို့မလိုဘဲ ကိုယ်လက်ကျန်းမာကာ စိတ်ရွှင်လန်းစေပါတယ်။

သဘာဝနဲ့ထိတွေ့ဖို့ အကောင်းဆုံးရွေးချယ်မှု

ဒါကြောင့် ပတ်ဝန်းကျင်၊ အလုပ်ဖိအားတွေကနေ ရရှိလာတဲ့ စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုတွေ ပြေပျောက်စေနိုင်တဲ့ သဘာဝနဲ့ ထိတွေ့ဖို့ အကောင်းဆုံးရွေးချယ်မှုပဲဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းက လတ်ဆတ်တဲ့အသီးအနှံတွေ စားသုံးရတာထက်ပိုပါတယ်။ ကျန်းမာတဲ့ လူနေမှုပုံစံ၊ သဘာဝနဲ့ထိတွေ့စေဖို့ နက်ရှိုင်းတဲ့ချိတ်ဆက်မှု၊ လူမှုဆက်ဆံရေးတိုးတက်စေတဲ့ အမူအကျင့်ယဉ်ကျေးမှုတစ်ခုပဲ ဖြစ်ပါတယ်။

စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းက မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး စီးပွားရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးတွေကို ပေးဆောင်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း (Home Garden) တွေက ဒေသဓလေ့ထုံးတမ်းတွေ၊ လူ့အရင်းအမြစ်တွေနဲ့ မိသားစုတွေကို စိတ်ပျော်ရွှင်လန်း ကျန်းမာစေကာ လူများစွာတို့ရဲ့ဘဝမှာ အရေးပါတဲ့ အခန်းကဏ္ဍအဖြစ် ဆက်လက်ပါဝင်နေမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။



“ကျေးလက်ဒေသတွေမှာ Home Garden တွေကို စိုက်ပျိုးခြင်းဟာ မိမိကိုယ်တိုင် စားရေရိက္ခာဖူလုံစေရုံသာမက ပိုလျှံလာတဲ့ထွက်ကုန်တွေကို စည်သွတ်ဘူးတွေ၊ အအေးခံတာ၊ အချဉ်ဖောက်တာနဲ့ အခြောက်ခံခြင်းနည်းနဲ့ ထိန်းသိမ်းပြီး တစ်နှစ်ပတ်လုံးစားနိုင်တဲ့အပြင် မြန်မာ့ယဉ်ကျေးမှုအရ အိမ်နီးချင်းတွေကို ဝေငှခြင်းဖြင့် ခင်မင်ရင်းနှီးမှုတိုးစေနိုင်ပါတယ်။ ဒါ့အပြင် ထွက်ကုန်တွေကို နီးစပ်ရာစျေးကွက်မှာ ရောင်းချနိုင်တာကြောင့်လည်း တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိပြီး အိမ်ထောင်စုစီးပွားရေးကို သိသိသာသာ အထောက်အကူပြု”

ရွှေတိဂုံစေတီတော်(၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် မတ် ၁၂

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် (၂၆၁၃)နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်ဗုဒ္ဓဟူးထောင့်ဗဟိုမဏ္ဍပ်ရှေ့၌ ကျင်းပသည်။

လှူဖွယ်ပစ္စည်းများ လောင်းလှူ

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၌ ဗုဒ္ဓမြတ်စွာဘုရား အမှူးပြုသည့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ကာသြဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များက စေတီတော်တစ်ပတ်လှည့်လည် အပူဇော်ခံရာရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ရုံးဌာနများ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ စေတနာရှင်ဘုရားဖူးပြည်သူများက သံဃဒါနဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ယနေ့ ရွှေတိဂုံစေတီတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သြဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ကာသြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၁၂၁ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၈ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) သို့ လာရောက်လည်ပတ်သည့် ည့်သည်ဝင်ရောက်မှု နှစ်သန်းပြည့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်



ပြင်ဦးလွင် မတ် ၁၂

ပြင်ဦးလွင် – လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်း တစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာ အပန်းဖြေသူများဖြင့် စည်ကား များပြားလျက်ရှိရာ ယနေ့တွင် လာရောက်လည်ပတ်သည့် ဧည့်သည်နှစ်သန်းပြည့် မြောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နှစ်သန်းပြည့် လာရောက်သည့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဧည့်သည်အား ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(BE.FALLS)မှ တာဝန်ရှိသူများက ဧည့်သည်ဝင်ရောက်မှု နှစ်သန်းပြည့် အမှတ်တရအဖြစ် လက်ဆောင်ပန်းစည်း၊ ဂုဏ်ပြု Trophy၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာ အခမဲ့ဝင်ရောက်ခွင့် (Gold Card)နှင့် အမှတ်တရ ဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး နှစ်သန်းပြည့် ဧည့်သည်နှင့်အတူ ပါရှိလာသည့် ၎င်း၏ မိသားစုဝင်များအား အပန်းဖြေစခန်းနှင့် မှန်တံတားဝင်ခွင့်၊ Sky Cable Car စီးနင်းမှု နှင့် ဘာဂီစီးနင်းလည်ပတ်ခြင်းများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ ရန်ကုန်တိုင်းဒေသကြီးမှ အသင်းဝင်များအား တွေ့ဆုံ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ အသင်းဝင်များနှင့် တွေ့ဆုံပွဲကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းကပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ တိုင်းဒေသကြီးတာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း (ရွှေမန်းတောင်)က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးသိန်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးမှ အသင်းသူ အသင်းသားများက သိရှိလိုသည်များနှင့် အကြံပြုလိုသည်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်ဦး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ တိုင်း တာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း(ရွှေမန်းတောင်)၊ ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်နှင့် တွဲဖက် ဘဏ္ဍာရေးမှူး(၁) ဦးအုန်းမြင့်တို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ကိုဌေး



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ မီးဘေးကြုံတင်ကာကွယ်ရေး အသိပညာပေး



လှည်းကူး မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ မီးဘေးကြုံတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးသည်။

လက်တွေ့သရုပ်ပြသ

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးယုလွင်က လက်တွေ့မီးငြှိမ်းသတ်ရေး ဒယ်အိုးမီးလောင်မှု၊ ဂက်စ်မီးလောင်မှု၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်/စက်စွမ်းအား မီးငြှိမ်းသတ်နည်းစနစ်များကို လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲနှင့် မီးငြှိမ်းသတ်ရေးသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် အရာရှိကြီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ယနေ့ည နေအထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၂

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဤ “ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း” စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၆-၂-၂၀၂၅ ရက်နေ့မှအဆက်)

ကိသာဂေါတမီထေရီမအကြောင်း

သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာပျက်စီး၍ ဆင်းရဲသွားသော သူဌေးမျိုး၏သမီးတစ်ဦးဖြစ်သည့် အမျိုးသမီးတစ်ဦးရှိသည်။ ၎င်းသည် သေးသွယ်သောကိုယ်ရှိသည်။ သူ၏အမည်မှာ “ကိသာဂေါတမီ” ဖြစ်သည်။ သူသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီး၏သားနှင့် အိမ်ထောင်ကျပြီး သားတစ်ဦး ဖွားမြင်သည်။ ထိုသားငယ်သည် မြေတွင် လမ်းလျှောက်သောအရွယ်၌သေဆုံးသွားလေသည်။

သူသည် သေဆုံးသည့်အကြောင်းကို မသိမမြင်ဖူးသောသူဖြစ်သည်။ ထို့ကြောင့် သူ၏သားကို ရင်ဝယ်၌ပိုက်၍ မသေဆေးလိုက်ရှာပါသည်။ “ငါ့သားအတွက် ဆေးသိကြလော့” ဟူ၍ မေးမြန်းကာ အိမ်စဉ်အတိုင်း လှည့်လည်လေသည်။

ထိုအခါ လူတို့ကမြင်သောအခါ သူ့အား အရူးကြီးဖြစ်နေပြီ။ သေပြီးသောသားအတွက် ဆေးကို မေးမြန်းဘိ၏ဟု ဆိုကြပါသည်။ သူသည် သူ့သားအတွက် မသေဆေးတွေ့ရမည်ဟု ထင်လျက် ယုံကြည်ချက်ဖြင့် လှည့်လည်နေသည်။ ၎င်းအား ပညာရှိယောကျ်ားကမြင်၍ သူ့အားအကြံပြုလိုက်ပါသည်။ “ယခု သင်ရှာနေသော ဆေးကို ငါတို့မသိ။ သို့သော်သဗ္ဗညုဘုရားရှင်သည်သိမည်” ဟုဆိုကာ ဘုရားထံသို့ချဉ်းကပ်ရန် တိုက်တွန်းပြောဆိုလိုက်သည်။

ထိုအခါ သူသည် ဘုရားထံသို့ချဉ်းကပ်၍ အကျိုးအကြောင်းလျှောက်ထားပါသည်။ ဘုရားရှင်က “ချစ်သမီး ကိသာဂေါတမီ တစ်ဦးတစ်ယောက်မျှ မသေဖူးသောအိမ်မှ မုန့်ညင်းစေ့အနည်းငယ် ယူခဲ့လော”ဟု မိန့်တော်မူလိုက်သည်။ သူသည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း သားသေကို ရင်မှာပိုက်၍ ရွာထဲသို့ဝင်ကာ ဦးစွာတွေ့သော အိမ်တံခါးဝ၌ရပ်လျက် “ဤအိမ်၌ မုန့်ညင်းစေ့ရှိပါသလော” ဟု မေးသည်။ အိမ်ရှင်ကလည်း ရှိကြောင်းဖြေသည်။ ၎င်းက ဆက်၍မေးသည်။ “ဤအိမ်၌ သေဖူးသူတစ်ဦးမျှမရှိဘူးလား”ဟု မေးသည်။ အိမ်ရှင်က သေဖူးသူရှိကြောင်းဖြေသည်။ ထိုအခါ ဤအိမ်ရှိ မုန့်ညင်းစေ့သည် သူ့သားအတွက် ဆေးမဟုတ်ဆိုပြီး ထွက်လာခဲ့သည်။ တစ်ရွာလုံးမှာလည်း အသက်ရှင်သူထက် သေသူများသည်ကို သူမသိသောအခါ သူ၏စိတ်နှလုံးသည် အမှန်သိလာသည်။ သူသည် သားသေကို တောတွင်ပစ်ထားပြီး ဘုရားရှင်ထံသို့ ပြန်သွားလေသည်။ ဘုရားရှင်ထံသို့ ရောက်သောအခါ သူရှာဖွေခဲ့သောအကြောင်းစုံကို လျှောက်ထားလေသည်။



ဘုရားရှင်သည် သူ၏လျှောက်ထားချက်ကို နားထောင်ပြီး “ချစ်သမီးဂေါတမီ သင်သည်သာသင့်သားသေသည်ဟု မှတ်ထင်သည်။ ဤသေခြင်းကား သတ္တဝါတို့တွေ့ကြုံရမည့် အမြဲသဘောတည်း။ သေမင်းသည် ဤသတ္တဝါအားလုံးကို ပြင်းထန်သော ရေလျှဉ်ကဲ့သို့ဆွဲငင်ပြီး အပါယ်ဟူသော သမုဒ္ဒရာထဲသို့ ပစ်ချသည်”ဟု ဆုံးမဟောကြားတော်မူသည်။ ကိသာဂေါတမီသည် ပါရမီရှိသူဖြစ်၍ ဘုရားရှင်ဟောသောတရားကို နာပြီးသောအခါ သောတာပန်ဖြစ်သွားသည်။

သူသည် ဘုရားရှင်ထံမှ ရဟန်းပြုခွင့်တောင်းခံလေသည်။ ထိုသို့တောင်းခံပြီး ရဟန်းမများထံသို့သွား၍ ရဟန်းပြုလေသည်။ ထိုမှ ကိသာဂေါတမီမထေရ်မဟူ၍ တွင်လေသည်။

တစ်နေ့သောအခါ ဥပုသ်အိမ်၌ အလှည့်ရောက်၍ ဆီမီးများထွန်းညှိနေစဉ် မီးလျှံတို့သည် ပျောက်ပျက်ကုန်လိုက်၊ ဖြစ်ပေါ်လိုက်သည်ကို မြင်၍ ဤဆီမီးကဲ့သို့ လူတို့သည်လည်း ဖြစ်ကုန်၏။ ချုပ်လည်းချုပ်သည်။ နိဗ္ဗာန်သို့ရောက်သူသာ (ဖြစ်ခြင်း၊ ပျက်ခြင်း၊ ချုပ်ခြင်း) မထင်ဘဲရှိကုန်၏ဟု သူ့အာရုံတွင် ထင်လာလေသည်။

ထိုအချိန်၌ ဘုရားရှင်သည် ဂန္ဓကုဋိ့တိုက်၌ နေစဉ် ယင်းကိသာဂေါတမီထံသို့ ရောင်ခြည်တော်များလွှတ်၍ နေ့၌ရပ်တည်လျက် ဘုရားရှင်သည် ယခုကဲ့သို့ သင့်နှလုံးသွင်းသည်သို့ပင်သတ္တဝါတို့ ဖြစ်ကြကုန်သည်။ ဤသို့နိဗ္ဗာန်ကိုမမြင်ဘဲ အနှစ်တစ်ရာနေရသည်ထက် နိဗ္ဗာန်ကို တစ်ရက်မျှ မြင်သည်သာ မြတ်သည်ဟူ၍ ဂါထာဖြင့်ဟောတော်မူလေသည်။ ထိုတရားကို ကိသာဂေါတမီမထေရ်မကြားနာပြီးသောအခါ ရဟန္တာမအဖြစ်သို့ ရောက်သွားလေသည်။

ကိသာဂေါတမီမထေရ်မသည် ချည်ကြမ်း၊ အဝတ်ကြမ်း၊ ဆိုးရည်ကြမ်းသင်္ကန်းများကိုသာ ဝတ်သည်။ ထို့ကြောင့် ဘုရားရှင်သည် နောင်သောအခါ၌ ရဟန်းများထဲတို့တွင် ဧတဒဂ်ထားတော်မူသောအခါ ကိသာဂေါတမီအား ညံ့ဖျင်းကြမ်းသည့် သင်္ကန်းသုံးဆောင်သော ရဟန်းမတို့တွင် အမြတ်ဆုံးဖြစ်ပေ၏ဟူ၍ “လူခစီဝရဓရ ဧတဒဂ်” အရာ၌ ထားတော်မူလေသည်။

ဂရဟဒိန္နသူကြွယ်သည် ဘုရားရှင်အား မကောင်းကြံခြင်း

သာဝတ္ထိပြည်၌ ဘုရားရှင်ကို ကိုးကွယ်သော သူဌေးတစ်ဦးနှင့် နိဂဏ္ဌတက္ကတွန်းတို့ကို ကိုးကွယ်သော သူဌေးတစ်ဦးရှိသည်။ ဘုရားရှင်ကို ကိုးကွယ်သော သူဌေးအမည်မှာ “သီရိဂုတ္တ” သူကြွယ်ဖြစ်သည်။ တက္ကတွန်းတို့ကို ကိုးကွယ်သောသူဌေးသည် ဂရဟဒိန္နမည်၏။

သူဌေးဂရဟဒိန္နသည် သူကိုးကွယ်သော တက္ကတွန်းက ပြောခိုင်းသည့်အတိုင်း သီရိဂုတ္တသူဌေးအား သူငယ်ချင်း သင်သည် ရဟန်းဂေါတမကို ကိုးကွယ်သဖြင့် အဘယ်ဝတ္ထုကိုရသလဲ။ ငါတို့၏ အရှင်မြတ်တို့ကို မှီဝဲဆည်းကပ်၍ အလှူပေးလေ့ဟု သူတို့နှစ်ဦး တွေ့တိုင်းပြောလေသည်။ တစ်နေ့သောအခါ သီရိဂုတ္တသူဌေးက ဂရဟဒိန္နအား “သူငယ်ချင်း သင်၏အရှင်မြတ်တို့သည် အဘယ်ကို သိသနည်း။ ငါ့အား ရှင်းပြပြောကြားပါ”ဟု ဆိုလေသည်။

ဂရဟဒိန္နက “သူငယ်ချင်း ငါတို့အရှင်မြတ်တို့သည် မသိသောအရာမရှိပါ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့၌ လူတို့၏စိတ်အကြံအစည်ကို သိကုန်၏” ဟူ၍ ဆိုလေသည်။ ထိုအခါ သီရိဂုတ္တက “သူငယ်ချင်း ငါ၏စကားဖြင့် သင်တို့အရှင်မြတ်တို့ကို နံနက်ငှါအိမ်၌ ဆွမ်းစားရန် ပင့်ဖိတ်ပေးရန်ဆိုလေသည်။ ဂရဟဒိန္နသည် ဝမ်းသာအားရစွာဖြင့် မနက်ဖြန် သီရိဂုတ္တအိမ်၌ ဆွမ်းစားရန် တက္ကတွန်းတို့အား ပင့်ဖိတ်လေသည်။ ထိုအခါ တက္ကတွန်းကလည်း နှစ်သက်ရွှင်လန်းကြလျက် သူဌေးသီရိဂုတ္တကြည်ညိုသွားလျှင် အရာခပ်သိမ်းပြည့်စုံတော့မည်ဟူ၍ ထင်ကြကုန်သည်။

သူဌေးသီရိဂုတ္တသည် နိဂဏ္ဌတို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့ကို သိမသိ စုံစမ်းရန်ကြိုလေသည်။ သူသည် မိမိအဆောင်နှစ်ဆောင်ကြား၌ မြောင်းရှည်ကြီးကို နက်စွာတူးစေ၍ မစင်တို့၊ ရွံ့တို့ဖြင့် ပြည့်စေသည်။ မြောင်း၏ အပြင်ဘက်တန်းဘက်၌ သစ်ငုတ်တိုရိုက်စေပြီး ယင်းငုတ်တို့တွင် ကြိုးတို့ကို ချည်ထားစေသည်။ ထိုင်ရာညောင်စောင်းတို့၏ ရှေ့ခြေတို့ကိုမြောင်း၏ ရှေ့နှုတ်ခမ်းပေါ်၌ တင်ထားစေပြီး နောက်ခြေတို့ကို ကြိုးငယ်များ၌ မှေးကာတင်ထားစေ၏။ ထိုညောင်စောင်းပေါ်၌ အခင်းဖျားဖြင့် ဖုံးလွှမ်းခင်းထားလေသည်။ ဆွမ်းဘောဇဉ် အနည်းမျှမချက်ထား။ ဗလာအိုးကြီး/အိုင်ငယ်တို့ကို ၄က်ပျောရွက်များ အဝတ်များဖြင့် ဖုံးထားစေပြီး အိမ်နောက်ဖေးဦ၌ ယာဂုထမင်းလုံးထောပတ်ဆီများ တင်လဲမုန့်တို့ဖြင့်အလိမ်းလိမ်းကပ် နေသည်ကို ပြုထားလေသည်။

ဂရဟဒိန္နလည်း နံနက်စောစော သီရိဂုတ္တအိမ်သို့သွား၍ ဆွမ်းဘောဇဉ်ပြင်ထားပြီးပြီလား မေးမြန်း၍ စီရင်ထားကြောင်းသိရသော် အိမ်သို့ပြန်သွားလေသည်။ ၎င်းပြန်သွားပြီးသော် တက္ကတွန်းတို့သည် သီရိဂုတ္တအိမ်သို့ ရောက်လာကြကုန်သည်။

သီရိဂုတ္တသူဌေးသည် ယဉ်ကျေးစွာဖြင့် ရှိခိုးဦးကြိုပြုပြီးနောက် အရှင်မြတ်တို့သည် ဤအရပ်မှ နေ တန်းစီ၍ တစ်ပါးစီဝင်ကြပါလော့။ မိမိထိုင်ရမည့် နေရာတွင် ရှေ့၌ရပ်၍ တစ်ပြိုင်တည်း ထိုင်တော်မူကြပါဟု လျှောက်ထားလေသည်။ ဤသို့ပြုလုပ်ရခြင်းမှာ တပည့်တော်၏ ထုံးစံဖြစ်ပါသည်ဟု လျှောက်ထားပါသည်။

ထိုတက္ကတွန်းသည် သီရိဂုတ္တသူဌေးပြောသည့်အတိုင်း လျှောက်ထားသောကြောင့် ထိုင်ကြသော် ကြိုးများပေါ်တင်ထားသည့် ညောင်စောင်းခြေတို့သည် လျှောကျကုန်သဖြင့် နိဂဏ္ဌတို့သည် မြောင်းထဲသို့ လိမ့်ကျကုန်သည်။

ထိုအခါ၌ သီရိဂုတ္တသည် တံခါးကိုပိတ်ပြီး တက်လာသော တက္ကတွန်းတို့ကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့ကို အဘယ်ကြောင့် မသိသေးသလဲဆိုပြီး မေးကာ တုတ်ဖြင့်ရိုက်၍ တံခါးကိုဖွင့်ပေးလေသည်။ ၎င်းတို့သည် ထွက်ပြေးကြလေသည်။ ယင်းသို့ အရှက်တကွဲဖြစ်ခဲ့ရသည်ကို ဂရဟဒိန္နအိမ်သို့ ပြောပြလေသည်။

ဤသို့ သီရိဂုတ္တသူဌေးက ပြုလုပ်သည်ကို ဂရဟဒိန္နသည် မကျေနပ်ဒေါသဖြစ်ပြီး သူငယ်ချင်းဖြစ်သူ သီရိဂုတ္တကို စကားမပြောစိတ်ဆိုးပြီး ၁၅ ရက်တိုင် နေလေသည်။ လူ့သဘာဝအရ မိမိအားလုပ်သူကို ကလဲ့စားချေလို၍ သီရိဂုတ္တ၏အရှင် ဘုရားရှင်ကို နှိပ်စက်လိုသဖြင့် သီရိဂုတ္တကို ဟန်မပျက်ဘဲ ခေါ်ခေါ်ပြောပြော ပြန်လုပ်လေသည်။ ထို့နောက် သီရိဂုတ္တသည် သူငယ်ချင်းဖြစ်သူ ဂရဟဒိန္နအား “သင်၏ တက္ကတွန်းများကို ကိုးကွယ်ဆည်းကပ်သည်မှာ အဘယ်အကျိုးရှိအံ့နည်း။ ငါတို့၏ဆရာဖြစ်သော

“ဘုရားရှင်သည် သူ၏လျှောက်ထားချက်ကို နားထောင်ပြီး “ချစ်သမီး ဂေါတမီ သင်သည်သာ သင့်သားသေသည်ဟု မှတ်ထင်သည်။ ဤသေခြင်းကား သတ္တဝါတို့တွေ့ကြုံရမည့် အမြဲသဘောတည်း။ သေမင်းသည် ဤသတ္တဝါအားလုံးကို ပြင်းထန်သော ရေလျှဉ်ကဲ့သို့ဆွဲငင်ပြီး အပါယ်ဟူသော သမုဒ္ဒရာထဲသို့ ပစ်ချသည်”ဟု ဆုံးမဟောကြားတော်မူသည်။ ကိသာဂေါတမီသည် ပါရမီရှိသူဖြစ်၍ ဘုရားရှင်ဟောသောတရားကို နာပြီးသောအခါ သောတာပန်ဖြစ်”

သည်။ သူသည် မိမိအဆောင်နှစ်ဆောင်ကြား၌ မြောင်းရှည်ကြီးကို နက်စွာတူးစေ၍ မစင်တို့၊ ရွံ့တို့ဖြင့် ပြည့်စေသည်။ မြောင်း၏ အပြင်ဘက်တန်းဘက်၌ သစ်ငုတ်တိုရိုက်စေပြီး ယင်းငုတ်တို့တွင် ကြိုးတို့ကို ချည်ထားစေသည်။ ထိုင်ရာညောင်စောင်းတို့၏ ရှေ့ခြေတို့ကိုမြောင်း၏ ရှေ့နှုတ်ခမ်းပေါ်၌ တင်ထားစေပြီး နောက်ခြေတို့ကို ကြိုးငယ်များ၌ မှေးကာတင်ထားစေ၏။ ထိုညောင်စောင်းပေါ်၌ အခင်းဖျားဖြင့် ဖုံးလွှမ်းခင်းထားလေသည်။ ဆွမ်းဘောဇဉ် အနည်းမျှမချက်ထား။ ဗလာအိုးကြီး/အိုင်ငယ်တို့ကို ၄က်ပျောရွက်များ အဝတ်များဖြင့် ဖုံးထားစေပြီး အိမ်နောက်ဖေးဦ၌ ယာဂုထမင်းလုံး ထောပတ်ဆီများ တင်လဲမုန့်တို့ဖြင့်အလိမ်းလိမ်းကပ် နေသည်ကို ပြုထားလေသည်။

ဂရဟဒိန္နလည်း နံနက်စောစော သီရိဂုတ္တအိမ်သို့သွား၍ ဆွမ်းဘောဇဉ်ပြင်ထားပြီးပြီလား မေးမြန်း၍ စီရင်ထားကြောင်းသိရသော် အိမ်သို့ပြန်သွားလေသည်။ ၎င်းပြန်သွားပြီးသော် တက္ကတွန်းတို့သည် သီရိဂုတ္တအိမ်သို့ ရောက်လာကြကုန်သည်။

သီရိဂုတ္တသူဌေးသည် ယဉ်ကျေးစွာဖြင့် ရှိခိုးဦးကြိုပြုပြီးနောက် အရှင်မြတ်တို့သည် ဤအရပ်မှ နေ တန်းစီ၍ တစ်ပါးစီဝင်ကြပါလော့။ မိမိထိုင်ရမည့် နေရာတွင် ရှေ့၌ရပ်၍ တစ်ပြိုင်တည်း ထိုင်တော်မူကြပါဟု လျှောက်ထားလေသည်။ ဤသို့ပြုလုပ်ရခြင်းမှာ တပည့်တော်၏ ထုံးစံဖြစ်ပါသည်ဟု လျှောက်ထားပါသည်။

ထိုတက္ကတွန်းသည် သီရိဂုတ္တသူဌေးပြောသည့်အတိုင်း လျှောက်ထားသောကြောင့် ထိုင်ကြသော် ကြိုးများပေါ်တင်ထားသည့် ညောင်စောင်းခြေတို့သည် လျှောကျကုန်သဖြင့် နိဂဏ္ဌတို့သည် မြောင်းထဲသို့ လိမ့်ကျကုန်သည်။

ထိုအခါ၌ သီရိဂုတ္တသည် တံခါးကိုပိတ်ပြီး တက်လာသော တက္ကတွန်းတို့ကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့ကို အဘယ်ကြောင့် မသိသေးသလဲဆိုပြီး မေးကာ တုတ်ဖြင့်ရိုက်၍ တံခါးကိုဖွင့်ပေးလေသည်။ ၎င်းတို့သည် ထွက်ပြေးကြလေသည်။ ယင်းသို့ အရှက်တကွဲဖြစ်ခဲ့ရသည်ကို ဂရဟဒိန္နအိမ်သို့ ပြောပြလေသည်။

ဤသို့ သီရိဂုတ္တသူဌေးက ပြုလုပ်သည်ကို ဂရဟဒိန္နသည် မကျေနပ်ဒေါသဖြစ်ပြီး သူငယ်ချင်းဖြစ်သူ သီရိဂုတ္တကို စကားမပြောစိတ်ဆိုးပြီး ၁၅ ရက်တိုင် နေလေသည်။ လူ့သဘာဝအရ မိမိအားလုပ်သူကို ကလဲ့စားချေလို၍ သီရိဂုတ္တ၏အရှင် ဘုရားရှင်ကို နှိပ်စက်လိုသဖြင့် သီရိဂုတ္တကို ဟန်မပျက်ဘဲ ခေါ်ခေါ်ပြောပြော ပြန်လုပ်လေသည်။ ထို့နောက် သီရိဂုတ္တသည် သူငယ်ချင်းဖြစ်သူ ဂရဟဒိန္နအား “သင်၏ တက္ကတွန်းများကို ကိုးကွယ်ဆည်းကပ်သည်မှာ အဘယ်အကျိုးရှိအံ့နည်း။ ငါတို့၏ဆရာဖြစ်သော ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်သင့်သည်” စသည်ဖြင့် ပြောကြားလေသည်။ ဂရဟဒိန္နသည် သူလုပ်လိုသော ဆန္ဒထဲသို့ ရောလာမြောင်းပေးပြောလာသဖြင့် ဝမ်းသာဝမ်းမြောက်ဖြစ်လေသည်။

“သူငယ်ချင်း သင်တို့၏ဆရာသည် ဘာကိုသိသနည်း။ ငါ့အားပြောပါ” ဟု ဂရဟဒိန္နက သူငယ်ချင်းသီရိဂုတ္တအား ပြောလေသည်။ ထိုအခါ သီရိဂုတ္တသည် “ငါတို့ဆရာ ဘုရားရှင်သည် လောကမှာ မသိတာမရှိပါ။ အားလုံးကိုသိသည်။ ကာလသုံးပါးကို သိသည်။ သတ္တဝါတို့၏ စိတ်ကိုသိသည်”ဟု ဆိုလေသည်။ ထိုသို့ဖြင့် အကြံသမားတို့သည် သူကြံထားသည့်အတိုင်း ဆက်လုပ်ပါသည်။ ဂရဟဒိန္နက “သင်တို့၏ ဆရာကို ငါပြောဆိုသည့်အတိုင်း မနက်ဖြန် ငါ့အိမ်သို့ ဆွမ်းဖိတ်ပေးပါ”ဟု သီရိဂုတ္တအား ဆိုလေသည်။

သီရိဂုတ္တသူဌေးလည် ဘုရားရှင်အား “ဂရဟဒိန္နက အရှင်ဘုရားတို့အား မနက်ဖြန်ဖိတ်ပါသည်။ သူ၏ဆရာတို့အား သူလုပ်ခဲ့သည့်အလုံးစုံကို လျှောက်ထားသည်။ သူသည် ကလဲ့စားချေလို၍ လုပ်သည်၊ မလုပ်သည်ကို ဘုရားတပည့်တော် မသိပါ။ စိတ်ကောင်းဖြင့် ဖိတ်သည်၊ မဖိတ်သည် မသိပါ။ ဆင်ခြင်၍ သင့်လျော်သလို လက်ခံတော်မူရန်” လျှောက်ထားလေသည်။ **(ဆက်လက်ဖော်ပြပါမည်)**



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)တို့၌ ကျောင်းသားများအားတွေ့ဆုံအားပေး

နေပြည်တော် မတ် ၁၂

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၉ ရက် နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျောင်းသားများအား ဗလငါးတန်နှင့် ပြည့်စုံရေး၊ အင်ဂျင်နီယာ၏ အရည်အချင်းများ ပြည့်ဝစေရေး အလေးထား ပျိုးထောင်ပေးရန်၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့် MSME ဖွံ့ဖြိုးရေး နည်းပညာ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရေးအတွက် University–Industry Collaboration မြှင့်တင်ဆောင်ရွက်ရင်း Ranking မြင့် နည်းပညာတက္ကသိုလ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပင်မစာသင်ဆောင်၌ ကျောင်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး စာကြည့်တိုက်၌ လေ့လာဖတ်ရှုလျက်ရှိကြသည့် ကျောင်းသားများအား နှုတ်ဆက်အားပေးကာ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်း၍ အဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံဦးစီးပွားမြှင့်တင်ရေးနှင့် ပြည်သူများ၏ လူမှုဘဝ မြင့်မားရေးကို တိုက်ရိုက် အကျိုးဖြစ်ထွန်းစေမည့် MSME ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာများကိုဖြန့်ဝေပေးနိုင်ရေးနှင့် ကျွမ်းကျင်နည်းပညာရှင်များကို သတ်မှတ်စံနှုန်းများအတိုင်း စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများအပေါ် ဖြေရှင်းဖြည့်ဆည်းပေးပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပင်မစာသင်ဆောင်ရှိ Book Corner တွင် လေ့လာဖတ်ရှုလျက်ရှိကြသည့် ကျောင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပင်မစာသင်ဆောင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနအသီးသီးရှိ အလုပ်ရုံများတွင် ကျောင်းသားများ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လျှပ်စစ်သုံးယာဉ်အပါအဝင် သုတေသနပရောဂျက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရလဒ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

မန္တလေး မတ် ၁၂

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ မြန်မာသံတော်ဆင့် သတင်းဂျာနယ်၊ ဓမ္မသံတော်ဆင့် စာပေမိသားစုနှင့် မန္တလေးစာနယ်ဇင်း အရောင်းဆိုင်တို့က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းပွဲကို မတ် ၁၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆွမ်းစားကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)(ဗဟို)ဒုတိယဥက္ကဋ္ဌဦးသန်းဝင်း (အဂ္ဂမဟာမင်္ဂလဓဇောတိကဓဇ)၊ မန္တလေးတိုင်းဒေသကြီး(YMBA)အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌဦးထွန်းလှိုင်နှင့် ဓမ္မသံတော်ဆင့် စာပေ(၁၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်း ဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီးသင်တန်း၏ နာယက မစိုးရိမ်တိုက် ပါဠိနယူပဒေသကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် အပါး ၇၀ ကျော်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ကြေးမုံ

ပြည်ချစ်သားမွန် တေးသဝဏ် ပွဲစဉ်(၂) တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၁၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို အပတ်စဉ် သောကြာနေ့ ညတိုင်း ဆန်းသစ်တင်ဆက်လျက်ရှိရာ မတ်၂၇ ရက်တွင် ရောက်ရှိမည့် နှစ် (၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ချစ်သားမွန် တေးသဝဏ် တေးဂီတဖျော်ဖြေပွဲကို မတ် ၇ ရက်မှ ၂၁ ရက်အထိ ပွဲစဉ်သုံးပွဲဖြင့် အပတ်စဉ် သောကြာနေ့တိုင်း ဖျော်ဖြေတင်ဆက်လျက်ရှိပြီး ဒုတိယပွဲစဉ်ကို မတ် ၁၄ ရက် (သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ပြည်ချစ်သားမွန် တေးသဝဏ် ပွဲစဉ် (၂) တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ထက်မြက်စိုး၊ ဘုန်းလွှ၊ ချမ်းဟိန်းဝင်းထွန်း၊ ပြည့်စုံ၊ တေဇဝင်း၊ အိအိလှိုင်၊ သဉ္ဇာမြင့်မိုရ်၊ မြင့်မြတ်သူ၊ ဖူးဇကရီဆောင်းနှင့် ကြည်ဇေယျရှင်တို့က တပ်မတော်၏ ကောင်းမြတ်သောအစဉ်အလာများ ဖြစ်သည့် စည်းလုံးညီညွတ်မှု၊ သစ္စာရှိမှု၊ စည်းကမ်းရှိမှု၊ စွမ်းရည်ရှိမှု၊ စွန့်လွှတ်စွန့်စားမှုနှင့် အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်မှုစသည့် ဂုဏ်ရည်များကို ဖော်ကျူးထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV–HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live)ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် မတ် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရွာငံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရွာငံ မတ် ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်နှင့် တာဝန်ရှိသူများသည် ကိုင်းစုကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား ၁၁၄ ဦးကို သတ္တမအကြိမ်အဖြစ် ရန်ပုံငွေကျပ် ၅၀၅ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

စိတ်အားသတ္တိ

ပီမိုးနင်း

တစ်စုံတစ်ရာကို လူသည် တောင့်တသည့်အခါ ဒိဋ္ဌရမည်ကို သိသည်နှင့်တစ်ပြိုင်တည်း စိတ်၏တန်ခိုး ဝီလ်ပါဝါကင်းပျောက်မြဲဖြစ်လေသည်။ ထိုတန်ခိုးကို ထုတ်ရခြင်းသည် လိုသောအရာကို မဖြစ်စေနိုင်သေး၊ မရနိုင်သေးကြောင်း သက်သေဖြစ်လေသည်။ သို့ဖြစ်သောကြောင့် ကျန်းမာခြင်း၊ ရောဂါပျောက်စေလိုခြင်းမှစ၍ တစ်စုံတစ်ရာကို အလိုရှိသည့်အခါ ဝီလ်ပါဝါကို ထုတ်ခြင်း၊ စိတ်ကိုတင်းခြင်း၊ အံကြိတ်ခြင်းသည် ခက်ခဲခြင်း၏ ကြီးမားခြင်းကို ဝန်ခံရာရောက်လေသည်။

အမှန်ဒိဋ္ဌရမည်ဟု ယုံကြည်ပြီးသောစိတ်၌ ထိုကဲ့သို့ အားတင်းရန်မလိုပေ။ အားတင်းမည်လည်းမဟုတ်ပေ။ သို့ဖြစ်သောကြောင့် ဤစိတ်ပညာကျမ်း၌ ထိုထိုအခြားများစွာသော စိတ်ပညာဆရာများပြောသည့် ဝီလ်ပါဝါကို ပစ်ပယ်ခြင်းဖြစ်လေသည်။ ဤတွင် အေမထီကွေး၏နည်းသည် အခြားနည်းများနှင့် ခြားနားလေသည်။

သို့ဖြစ်လေရာ တစ်စုံတစ်ရာကို အလိုရှိ၍ တောင့်တရာ၌ ဤစိတ်အားသတ္တိထုတ်ခြင်းကို လုံးလုံးကြီး ကင်းမဲ့စေရမည်။ စိတ်ချလက်ချ ယုံကြည်သောစိတ်ဖြင့်ထင်မြင်ကာ ပူပန်ခြင်းတည်းဟူသော အနှောင့်အယှက်တို့ကို ရှင်းလင်းနိုင်သူသည် လိုရာကို အမှန်ရနိုင်လေသည်။ ကျန်းမာခြင်းကိုလိုလျှင် ကျန်းမာခြင်းကိုရ၏။ ရောဂါပျောက်လိုလျှင် ရောဂါပျောက်၏။ ငွေကြေးဥစ္စာကိုလိုလျှင် လူသတ္တဝါတို့ မိနိုင်သောအရာမှန်က မည်သည့်အရာကိုမဆို ရနိုင်လေသည်။ မယုံမရှိအပ်၊ စိတ်ချပါကုန်။ ဤအရာ၌ လက်တွေ့များခဲ့လှလေပြီ။

စာရေးသူသည် လောကစည်းစိမ်ထက် ပညာနှင့် နာမည်ကျော်ကြားခြင်းကို ငယ်စဉ်က ပိုမို၍ လိုလားခဲ့၏။ ဤစကားသည် အရိုးခံအတိုင်း ပုထုဇဉ်စိတ်ကို ဝန်ခံခြင်းဖြစ်လေသည်။ သို့သော်လည်း တစ်ခုကိုရလျှင် အခြားဆိုင်ရာ ပတ်သက်ရာတို့သည် ပါဝင်မြဲဖြစ်ရာ ငွေကြေးဥစ္စာခနေမှာ နာမည်လောက် မလိုလားသော်လည်း မကင်းသော ဆက်သွယ်ခြင်းကြောင့် ဝီရိယထုတ်သည်ထက် ပိုမို၍ရ၏။ သက်မဲ့ဖြစ်သော အရာများစွာကို တောင့်တထင်မြင်ခြင်းဖြင့် မတွေးမခေါ် မျှော်လင့်ဖွယ်မရှိသောနေရာတို့၌ အခါခါရဖူးလေသည်။

အမှန်ကိုယုံကြည်လျှင် အမှန်ရ၏။ (ယုံကြည်ခြင်း စင်ကြယ်သလောက် အကျိုးမှာထင်ရှားနိုင်လေသည်။)

ဥပမာ အသင့်မှာ ငွေကြေးအဘယ်မျှကို လိုချင်သည်ဟု တောင့်တကာ ထင်မြင်၏။ ရလိမ့်မည်ဟု လည်း ယုံကြည်၏။ သို့ပါလျက် မရဘဲနေအံ့။ အဘယ်အတွက်ကြောင့်ပေနည်းဟု မေးဖွယ်ရှိလေသည်။

ဤအရာ၌ ယုံကြည်ခြင်းမှာ အသင်၏စိတ်ကို တစ်နည်းအားဖြင့် လှည့်စား၍နေသည်ဟု ဆိုရပေမည်။ အကြောင်းမူကား တောင့်တသောအရာအတွက် အသင်၏စိတ်မှာ တစ်နည်းနည်းအားဖြင့် ပူလောင်ခြင်း၊ ကြောင့်ကြခြင်း ဖြစ်၍နေပေလိမ့်မည်။ သို့ပူလောင်ခြင်း၊ ကြောင့်ကြခြင်းရှိသမျှ အသင်၏ယုံကြည်ခြင်းသည် အစစ်အမှန်ဟု မဆိုနိုင်ပေ။ နောက်၌ ဖော်ပြမည်ဖြစ်သောနည်းများအတိုင်း လိုသောအရာကိုရရန် နံနက်၊ ညဦးအချိန်ထား၍ အာရုံပြုသော်လည်း အခြားအချိန်များ၌ ထိုအရာအတွက် ကြောင့်ကြပူပန်၍နေချေက ထိုကြောင့်ကြပူပန်သောစိတ်သည် အချိန်သတ်မှတ်၍ အာရုံပြုရာ၌ထားရှိသော ယုံကြည်ခြင်းကို ဖျက်ဆီး၍ပစ်နိုင်လေသည်။

ဥပမာ နံနက် ၁၅ မိနစ်၊ ညဦး ၁၅ မိနစ် တစ်စုံတစ်ရာကို ဖြစ်မြောက်အောင်မြင်ဖို့ရန် စိတ်ချလက်ချ ယုံကြည်ကိုးစား စူးစိုက်စွာဆင်ခြင်ပြီးနောက် အခြားအားလပ်သောအချိန်များတွင် ထိုကိစ္စနှင့်ပတ်သက်၍ ရင်ထဲမှ တလေးလေးနှင့် ကြောင့်ကြ၍ နေချေက နံနက်နှင့်ညဦး ကြိုးစားသမျှ စိတ်တန်ခိုးများကို ဖျက်ဆီးပစ်ရာသို့ ရောက်နိုင်လေသည်။

သို့ဖြစ်လေရာ တစ်စုံတစ်ရာကို ဖြစ်မြောက်လိုသည့်အခါ ဖြစ်မှာမဟုတ်ပါဘူး။ ဖြစ်မှဖြစ်ပဲ့မလား၊ ဒီရောဂါပျောက်မှာမဟုတ်ပါဘူး။ ဆရာဝန်က ဘယ်လိုပြောလိုက်တာပဲ စသည်ဖြင့် တွေးခြင်း၊ စိတ်ပူခြင်း၊ ကြောင့်ကြခြင်း ပေါ်ပေါက်၍လာသည့် အခါတိုင်း မွေလျော့ဖျောက်ဖျက်ကာ ဖြစ်မှာပဲ၊ ရမှာပဲ၊ ဒီရောဂါပျောက်တော့မှာပဲဟူ၍ ပေါ့ပေါ့ဆဆ တွေးကာ စိတ်ကို ကြည်လင်စွာထားတတ်သော အလေ့ကို ဖြစ်စေရာ၏။

ထိုအကျင့်ကိုရသောအခါ စိတ်၏သုခကို အထူးရနိုင်သော အခြားနည်းလမ်းများကို ရရှိနိုင်မည်ကား အောက်ပါအတိုင်းပေတည်း။

စိတ်ကိုနိုင်ခြင်းသည် အကြီးဆုံးသော တန်ခိုးသတ္တိဖြစ်လေသည်။ အသေးအဖွဲမှတ်ထင်ရသော အရာကလေးများ၌ လောဘ-ဒေါသ-မာန-မခံချင်ခြင်း စသည့်စိတ်တို့ကို ဖျောက်ဖျက်တတ်သော အလေ့ကိုရအောင် ကြိုးစားအပ်ကြလေသည်။

ငွေကြေးအဘယ်မျှပင် ကြွယ်ဝ၍ ပေးကမ်းခြင်းအရာ၌ အနှမြောအစုံမက်မရှိသော်လည်း မနှမြောတန်သောအရာလေးများမှာ နှမြောတတ်၏။ ငွေတစ်သောင်းကုန်လှူ၍နေခိုက်မှာ ဈေးမှတောင်းကိုရွက်၍လိုက်သော ကူလီသမားအပေါ်၌ တစ်ပြားပို၍ ပေးရမည့်အတွက် နှမြောတတ်၏။ သူငယ်ချင်းအပေါင်းအဖော်များနှင့် ငွေကြေးမြောက်မြားစွာအကုန်ခံလျက် ပျော်ပါးစားသောက်၍ နေခိုက်မှာ ဝီစကီဖန်ခွက်မှောက်၍ လက်နှစ်သစ်လောက်ဖိတ်၍ထားလျှင် နှမြောတတ်၏။ မိမိ၏ဂုဏ်ကျက်သရေအခြေအနေ စီးပွားဥစ္စာကို မထိခိုက်လောက်သော မခံချင်စရာစကားလေးတစ်လုံး၊ ပြုမူပုံတစ်ခုခုခံရသည့်အခါ တွေးတောကာ စိတ်မကောင်းခြင်းဖြစ်၍နေတတ်၏။

သတင်းစာဆရာဖြစ်စက သတင်းစာ၌ အခြားသူတစ်ယောက်ယောက်က မခံချင်ဖွယ်ရာစကားကို အသုံးပြုလျက်ရေးသည့်အခါ မခံချင်၊ မခံနိုင်ဖြစ်ပြီးလျှင် အရေပါးနုနုလေးကို သဲကြမ်းနှင့် ပွတ်သည့်အလား နာကျင်၍သွားသဖြင့် အိပ်ရာ၌ပင် မခံချင်သောစိတ်နှင့် တွေးတောဒေါသဖြစ်၍ နေမိ၏။

တစ်ရံရောအခါ၌ အလကားဟာပဲ၊ လေပဲ၊ မိမိကိုယ်ကို လူကောင်းတစ်ယောက်လို့ ယုံကြည်စွဲမှတ်ပြီး ဒါကလေးမျိုးအတွက် ဤမျှလောက်နာကျင်၍ နေသင့်သလားဟူသော မေးခွန်းဖြင့် ဖြေမိလေ၏။ ထိုအခါမှစ၍ မခံချင်သည့်အတိုင်း ထိုနည်းဖြင့် စိတ်ကိုဖြေခဲ့ရာ ချမ်းသာခြင်းတစ်ခုကို တိုးတက်ရရှိခဲ့လေသည်။

ထိုမခံချင်သောစိတ်ကြောင့် ကျွန်ုပ်တို့လူမျိုးမှာ လူသတ်မှုတွေဖြစ်ကြရ၏။ ခိုက်ရန်ပွားရ၏။ ထိုစိတ်ကို အလိုလိုက်သူတို့မှာ အတုံ့အလှည့် မပြန်ရသေးသမျှ ကာလပတ်လုံး စိတ်ဆင်းရဲနေ၏။ အတုံ့အလှည့်ပြန်ခွင့်ရသောအခါ၌လည်း ကြီးစွာသော ဘေးဒုက္ခနှင့်သော်လည်းကောင်း တွေ့ရတတ်၏။ အရှက်တကွဲသော်လည်းကောင်း ဖြစ်တတ်၏။ ဘုန်းကြီးနှစ်ခါရှက်ဟူသော အဖြစ်မျိုးသို့လည်း ရောက်တတ်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

လူအများနှင့် ပြေပြေပြစ်ပြစ်ဆက်ဆံနည်း

ခင်မောင်ညို(ဘောဂပေဒ)

(၁၃-၂-၂၀၂၅ ရက်နေ့မှအဆက်)

နောက်တစ်နေ့တွင် သူသည် အမျိုးသမီးမိတ်ဆွေများနှင့် ပြန်ဆုံတွေ့ပြီး အကျိုးအကြောင်းကို ပြောပြသည်။ ထိုအခါ သူ၏မိတ်ဆွေများကပါ အိမ်လိုက်လာကြပြီး ခင်ပွန်းဖြစ်သူသည် အလွန်ကြင်နာတတ်သူဖြစ်ကြောင်း ဝိုင်းဝန်းချီးကျူးကြသည်။ ထိုနည်းဖြင့် သူသည် အသိအမှတ်ပြုမှု၊ ချီးကျူးမှု၊ မဝေဖန်မှု၊ အပြစ်မတင်မှု၏ တန်ဖိုးကို ကောင်းကောင်းကြီး သိသွားသည်။

အမေရိကန်ပြဇာတ်ရုံများစုဝေးရာ နယူးယောက်မြို့တော် ဘရော့ဒ်ဝေးအရပ်၌ ပြဇာတ်ဆရာဇစ်ဂဖဲ နာမည်ကြီးရခြင်းမှာ အမေရိကန် အမျိုးသမီးငယ်များကို အမွှမ်းတင်ပေးနိုင်သည့်စွမ်းရည်ကြောင့်ဖြစ်သည်။ မည်သူကမျှ နှစ်ခါလှည့်မကြည့်သည့် အမျိုးသမီးတစ်ယောက်ကို ဆွဲဆောင်မှုရှိလာအောင် အကြိမ်ကြိမ်အခါခါပင် ပြောင်းလဲပစ်နိုင်ခဲ့သည်။ ဇာတ်ခုံပေါ်တွင် လူတကာဝိုင်းကြည့်စရာဖြစ်လာအောင် လုပ်နိုင်ခဲ့သည်။ အသိအမှတ်ပြုခြင်း၊ ယုံကြည်စိတ်ချခြင်းကြောင့် ဘယ်လောက် ခရီးရောက်သည်ကို သူသိသည်။ သူကိုယ်တိုင်က မြတ်နိုးပြ၊ ကြင်နာပြခြင်းအားဖြင့် အမျိုးသမီးငယ်များက သူတို့ကိုယ်သူတို့ လှပသည်ဟု ထင်လာကြသည်။

သူသည် တကယ်လက်တွေ့ကျသူတစ်ယောက်ဖြစ်သည်။ တစ်ပတ်လျှင် ဒေါ်လာ ၃၀ မျှသာ ပေးရသော သာမန်ဇာတ်ပို့မိန်းမငယ်တစ်ယောက်ကို ၁၇၅ ဒေါ်လာအထိ တိုးပေးသည်။ ပြဇာတ်စဖွင့်သည့်နေ့များတွင် သရုပ်ဆောင်များကို ချီးကျူးကြောင်းစာများ၊ နှင်းဆီပန်းများ လှမ်းပို့လေ့ရှိသည်။

တစ်ခါက ကျွန်တော်သည် ခြောက်ရက်နှင့် ခြောက်ညလုံးလုံး ဘာမျှမစားမသောက်ဘဲနေဖူးသည်။ ထိုအလုပ်မှာ မခက်လှပါ။ ထူးပြီး ဆာလောင်သည်ဟုမရှိပါ။ သို့သော် မိသားစုကို ခြောက်ရက်လောက် အစားအသောက်မကျွေးဘဲထားလျှင် မည်မျှအပြစ်ကြီးမည်ကို လူတိုင်း သိကြပါသည်။ သို့သော် ခြောက်ရက်မျှမက ခြောက်ပတ်လည်းမဟုတ်၊ နှစ်ပေါင်း ခြောက်ဆယ်လောက် သူတို့ ဆာလောင်မွတ်သိပ်သောအရာကို မပေးဘဲ၊ အားရပါးရ မချီးကျူးဘဲနေခြင်းကို မည်သူကမျှ အပြစ်တစ်ခုလို မထင်တတ်ကြပေ။

"ဗီယင်နာမှာ ပြန်ဆုံကြမယ်" ဆိုသည့်ပြဇာတ်တွင် အဓိကသရုပ်ဆောင်နေရာက ပါဝင်ရသူ၊ သူ့ခေတ်သူ့အခါက နာမည်ကျော်သရုပ်ဆောင် အဲလ်ဖရက်ဒ်လန့်တ်က ပြောဖူးသည်။ "ကိုယ့်ကိုယ်ကိုယ် လေးစားစေရန် အားဖြည့်ပေးမှုလောက် အခြားမည်သည့်အရာကိုမျှ မလို"ဟူ၏။

ကျွန်တော်တို့၏ ကလေးများ၊ မိတ်ဆွေများ၊ ဝန်ထမ်းများ၏ ခန္ဓာကိုယ်ကို အစာအာဟာရများပေးကာ ဖြည့်စွမ်းကြသည်။ ရုပ်လိုအပ်ချက်ကို ဖြည့်ပေးကြသော်လည်း စိတ်လိုအပ်ချက်ကို ဖြည့်မပေးကြ။ အသိအမှတ်ပြုစကားများ၊ ချီးကျူးစကားများ မဆိုမိကြ။

ပေါလ်ဟာဗေးက သူ၏ ရေဒီယိုအသံလွှင့် ဟောပြောချက်တစ်ခုတွင် ရိုးရိုးသားသား ချီးကျူးအသိအမှတ်ပြုလံ့လေးတစ်ခုက လူတစ်ယောက်၏ဘဝကို မည်မျှပြောင်းလဲပစ်နိုင်ကြောင်း ပြောပြဖူးသည်။ နှစ်အတော်ကြာကြာက ဒက်ထရွိုက်မြို့၌ ဆရာတစ်ယောက်က စတီဗီမောရစ်အား အတန်းထဲတွင် ပျောက်သွားသော ကြွက်လေးတစ်ကောင်ကို ကူရှာပေးရန်ပြောသည်။ စတီဗီမောရစ်မှာ အတန်းထဲရှိ အခြားသူ မည်သူမျှမပိုင်ဆိုင်သော အရည်အချင်းတစ်ခုကို သဘာဝတရားကြီးက ထူးထူးခြားခြား အပ်နှင်းထားသည်။ အလင်းမရသော မျက်စိနှစ်ကွင်းအတွက် အားကောင်းသော နားနှစ်ဖက်ကို အစားပေးထားသည်။ သို့သော် ထိုနားနှစ်ဖက်၏အစွမ်းကို ယခင်က မည်သူမျှ တစ်ကြိမ်တစ်ခါမျှ အသိအမှတ်မပြုခဲ့။ ထိုအသိအမှတ်ပြုမှု၏ အကျိုးတရားကို နှစ်ပေါင်းအတန်ကြာမှ ဘဝတစ်ခုကို ပြောင်းလဲပစ်နိုင်စွမ်းရှိကြောင်း သိလာကြသည်။ သူ့ကို ထိုသို့ အသိအမှတ်ပြုချိန်မှစ၍ သူ၏အကြားအာရုံကို ကောင်းကောင်းကြီး အသုံးချကာ စတီဗီဝန်းဒါးအမည်ဖြင့် သီချင်းရေးသူ၊ အဆိုတော်တစ်ယောက် ဖြစ်လာခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် လူကြိုက်များသည့် သီချင်းများရေးသူ၊ ဆိုသူတစ်ယောက် ဖြစ်လာခဲ့သည်။

အချို့ စာဖတ်သူများက ယခု စာဖတ်နေစဉ်မှာပင် "မြောက်တာလား၊ မရပါဘူးကွာ၊ စမ်းကြည့်ပြီးပါပြီ။ တကယ်လျင်တဲ့လူတွေနဲ့ တွေ့ရင် အလုပ်မဖြစ်ပါဘူး"ဟု ပြောကြမည်။

မှန်ပါသည်။ မြောက်လုံးပင့်လုံးများကို လျင်သောသူများနှင့် တွေ့လျှင် သုံးမရပါ။ လူပါးများက မြောက်လျှင်မြောက်မှန်း သိကြသည်။ မြောက်လုံးပင့်လုံးများသည် တစ်ကိုယ်ကောင်းဆန်သော စိတ်ထားဖြင့် မရိုးမသား တမင်လုပ်သော ခပ်ပေါ့ပေါ့ဝေါဟာရများ ဖြစ်ကြသည်။ သို့ဖြစ်၍ မြောက်လုံးပင့်လုံးများ မအောင်မြင်သည်မှာ အဆန်းမဟုတ်ပါ။ မည်သူကမျှ လက်မခံသည်မှာ အဆန်းမဟုတ်ပါ။

သို့သော် အလွန်ငတ်မွတ်ဆာလောင်နေသည့် လူတစ်ယောက်သည် မြက်ပင်များ၊ တီကောင်များ တွေ့လျှင်ပင် ဝါးမျိုမိတတ်ကြသကဲ့သို့ အချို့သူများသည် အလွန်အမင်း အသိအမှတ်ပြုခံချင်တတ်ကြသည်။ ထိုအခါ မြောက်လို့မြောက်မှန်းမသိသော အမြောက်ကြိုက်များ ဖြစ်ကုန်တတ်ကြသည်။

ဝိတိုရိယ ဘုရင်မပင်လျှင် အမြောက်ကြိုက်သည်။ ဝန်ကြီးချုပ် ဘင်ဂျမင် ဒစ်စရေလီက ဘုရင်မနှင့်ဆက်ဆံရာတွင် သတိထားပြီး မြောက်ကြောင်း ပြောပြဖူးသည်။ သူသည် သူ့နယ်ပယ်တွင် လူတော်တစ်ယောက်ဖြစ်သည်။ သို့သော် သူ့နည်းအတိုင်း ကျွန်တော်တို့အတွက် အမြဲတမ်း အလုပ်ဖြစ်မည်မထင်ပါ။ ရေရှည်တွင် မြောက်ပေး၍ အကျိုးရှိသည်ထက် ဒုက္ခရောက်ဖို့ကပိုများသည်။ မြောက်ပင့်ခြင်းသည် အစစ်အမှန်မဟုတ်၊ အတုအယောင်သာဖြစ်သည်။ ငွေစက္ကူအတုကို ပေးမိက ဒုက္ခရောက်သလို မြောက်ပေးခြင်းကြောင့်လည်း ဒုက္ခရောက်နိုင်သည်။

အသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်းနှင့် မြောက်ပေးခြင်းတို့မတူပါ။ အသိအမှတ်ပြုခြင်းသည် ရိုးသားပြီး မြောက်ပေးခြင်းသည် မရိုးသားပါ။ အသိအမှတ်ပြုခြင်းသည် နှလုံးသားကို အရင်းခံပြီး မြောက်ပေးခြင်းသည် ပါးစပ်ဖျားက ထွက်လာခြင်းဖြစ်သည်။ ချီးကျူးခြင်းသည် တစ်ကိုယ်ကောင်းမဆန်၊ မြောက်ပေးခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ အသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်းကို တစ်ကမ္ဘာလုံးက လက်ခံကြပြီး မြောက်ပင့်ခြင်းကို တစ်ကမ္ဘာလုံးက ကဲ့ရဲ့ရှုတ်ချကြသည်။

မက္ကဆီကိုမြို့တော် ချပူတီပက် နန်းတော်ထဲ၌ မက္ကဆီကိုသူရဲကောင်း ဗိုလ်ချုပ် အိုရီဂွန်၏ ကိုယ်တစ်ပိုင်းပုံရုပ်တုတစ်ခုကို တွေ့ဖူးသည်။ ထိုရုပ်တု၏ အောက်ခြေ၌ "သင့်ကို တိုက်ခိုက်သောရန်သူများကို မကြောက်ပါနှင့်။ သင့်ကို မြောက်ပေးသော မိတ်ဆွေများကိုကြောက်ပါ" ဆိုသည့် အိုပရီဂွန်၏ အဆုံးအမကို ရေးထိုးထားသည်။

(ဆက်လက်ဖော်ပြပါမည်)

“ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၀၈)လမ်း၊ အမှတ်(၂၀) ဟူခေါ်တွင်သော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်အနက်မှ(၆-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ပေx၅၀')ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဒေါ်ပြည်အေး(ကွယ်လွန်)မှ ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပြီး ၎င်းကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူ ဦးရဲညွှန့်[၁၂/မဂတ(နိုင်)၀၃၆၆၂၄]မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆက်ခံပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မာမာသိန်း (LL.B) **ဒေါ်နှင်းဝေလွင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂) **အထက်တန်းရှေ့နေ (စဉ်-၅၄၃၀၅)**
အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒေလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၅၀၆၄၉၅၉

အမည်ပြောင်း

(၁) ဦးအောင်ကိုဝင်း၏သား ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အ.ထ.က(၄) အလုံ၊ အလုံမြို့နယ်၊ Grade-3 မှ မောင်အောင်မြတ်မင်းအား ယနေ့မှစ၍ မောင်အုံထူးခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အုံထူးခိုင်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲကျေးရွာ၊ ဧရယျာသုခလမ်း၊ မြေကွက်အကျယ် (၄၀') x (၇၀') မြေနှင့်နေအိမ်အဆောက်အအုံများအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမှုအခင်းအရှုပ်အရှင်း ကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု အဆိုရှိသူ- ဒေါ်မြင့်မြင့်ချို (၁၁) ဦးလှမောင်[၁၂/ဥကမ(နိုင်)၀၈၄၅၅၆၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မူမူအေးသိန်း (LL.B) (စဉ်-၁၂၅၇)
(တရားလွှတ်တော်ရှေ့နေ)
(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ၀၉-၅၀၄၁၄၈၃

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၆၈၀)၊ ဦးပိုင်အမှတ်(၃၁-က)၊ ၇၆ လမ်း၊ ၃၄x၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းထွန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၅၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲထက်နိုင် [၉/အမဇ(နိုင်)၀၈၆၉၂၀]က အမှုတွဲအမှတ် (၇၁၆၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလွှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ



“ချစ်စရာအရွယ်ကစားကြမယ်” ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၂

“ချစ်စရာအရွယ်ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့ တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မတ် ၁၅ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် အမှတ်(၅)မူလတန်းကြို့ကျောင်း(တာမွေ)နှင့် သန်လျင်မူလတန်းကြို့ကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD နှင့် MRTV Entertainment Channel တို့မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်း ဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း မတ် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ မတ် ၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် MRTV - HD Channel တို့တွင်လည်း ကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တံတားအသုံးပြုခ ကောက်ခံရေးလုပ်ငန်းအတွက် လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိတံတားအသုံးပြုခကောက်ခံရေးဂိတ် (၁)ခု၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် တံတားအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းလုပ်ပိုင်ခွင့်ကို နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ၂၄-၃-၂၀၂၅ ရက် (တနလ်ာနေ့) (၀၉:၃၀)နာရီတွင် ပဲခူးမြို့၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးခွဲ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

တံတားဂိတ် **ကြမ်းခင်းဈေး (ကျပ် သိန်း)**
(က) နဝဒေးတံတား (ပြည်) ကျပ် (၃၈၇၁.၀၀)သိန်း

၂။ တံတားဂိတ်၏ လေလံတင်သွင်းခွင့်လျှောက်လွှာကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ပဲခူးမြို့တွင် (၁၀-၃-၂၀၂၅)ရက်နေ့မှစ၍ ထုတ်ယူနိုင်ပြီး လေလံတင်သွင်းလွှာများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးမြို့၌ (၂၁-၃-၂၀၂၅) ရက်နေ့ ညနေ (၄:၀၀)နာရီအချိန် နောက်ဆုံးထားမှတ်ပုံတင်နိုင်ပါသည်။ စိတ်ပါဝင်စားကြေးနှင့် အာမခံကြေးများကိုလည်း (၂၁-၃-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသည်။

၃။ စိတ်ပါဝင်စားကြေး၊ အာမခံကြေးနှင့် လေလံတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ပဲခူးမြို့၊ တယ်လီဖုန်းနံပါတ် ၀၅၂-၂၂၂၄၅၇၂ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

လေလံကြီးကြပ်ရေးအဖွဲ့
ပဲခူးမြို့

အများသိစေရန်ကြေညာခြင်း

